www.dhammaransi.com

၁၃၄၃-ခုနှစ်မှ ၄၄-ခုနှစ်သို့ ကူးပြောင်းသော
မဟာသင်္ကြန် ၃-ရက်တွင်
ရန်ကုန်မြို့၊ မိုးညှင်းဝိပဿနာတိုက်သစ်
ဆရာတော်ဘုရားသည်
ဝိပဿနာအားထုတ်နည်းပါ
ထည့်သွင်းဟောကြားတော်မူသော

# ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း ပစ္စယုပ္ပန် ပဋ္ဌာန်းနိဒ္ဒေသ တရားတော်မြတ်ကြီး

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၆ ကောဇာ ၁၃၄၄ ၁၉၈၂

www.dhammaransi.com

၁၃၄၃-ခုနှစ်မှ ၄၄-ခုနှစ်သို့ ကူးပြောင်းသော

မဟာသင်္ကြန် ၃-ရက်တွင်

ရန်ကုန်မြို့၊ မိုးညှင်းဝိပဿနာတိုက်သစ်

ဆရာတော်ဘုရားသည်

ဝိပဿနာအားထုတ်နည်းပါ

ထည့်သွင်းဟောကြားတော်မူသော

# ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း ပစ္စယုပ္ပန် ပဋ္ဌာန်းနိဒ္ဒေသ

## တရားတော်မြတ်ကြီး

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ပုံနှိပ်သည်။

သာသနာ ၂၅၂၆ ကောဇာ ၁၃၄၄ ၁၉၈၂

www.dhammaransi.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇) က
ပုံနှိပ်ထုတ်ဝေသည်။

www.dhammaransi.com

# နိဒါန်းခေါ် အကြောင်းခံ စကား အကျဉ်း

---

ဤ၊ ပကြည့်ရှုသူ လူရှင်အပေါင်း သူတော်ကောင်း အများ်းတို့ သိရန်ကား=မိုးညှင်းပဋ္ဌာန်းတရား ဟောရာမှာ ဖြစ်ဖြစ်၊စာရေးရာမှာ ဖြစ်ဖြစ်၊ ယေဘုယျအားဖြင့် ဉာဏ်အား နည်းသူ စာပေပညာခံနည်းသူများကို အထူးရှေးရှုထောက် ထား၍ညာသောအားဖြင့် ဟောပြောရေးသားခြင်း ဖြစ် ကြောင်း ပညာရှင်အပေါင်းတို့ သိကြပါကုန်။

ဉာဏ်ရှိသူများကား ပြောဖွယ်ရာမရှိပါ၊ လွယ်လင့်တကူ ချက်ပြီးသား ခူးပြီးသားစားရုံ ဝါးရုံ ပမာလို အကျယ်သိပါ။ အထက်ပါအရကို–

“တထူးသူအား၊ ခူးပြီးထား ။ ဖြူထွားဘတ္တ၊ စားလင့် ရသို့”

ဟူ၍ ဘုရိဒတ်ဇာတ်ပျို့တွင်၊ ရှင်မဟာရဋ္ဌသာရလည်း ဆိုတော်မူ၏။

www.dhammaransi.com

အဂ္ဂမဟာပဏ္ဍိတမိုးညှင်းဝိပဿနာတိုက်သစ်ဆရာတော်ဘုရား ဟောကြားတော်မူအပ်သော ဟေတုပစ္စည်း အာရမ္မဏပစ္စည်း ပစ္စယုပ္ပန်တရားတို့၌ ငါပျောက်၊ ကိုယ်ပျောက်အောင် အပါယ်ပြစ်ကြီး တချက်တည်းဖြတ်နည်း ဝိပဿနာပါ ဟောသော

# ပဋ္ဌာန်းတရားတော်ကြီး

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

---

တရားပွဲကြီး မစမီ မဟောမီ ဟောသူ နာသူအားလုံး ဘေးကင်းရန်ကွာ စိတ်ချမ်းသာစွာဖြင့် နာယူမှတ်သား ကျင့်ကြံပွားများ အားထုတ်နိုင်ကြရလေအောင် မြတ်စွာဘုရား၏ ထင်ရှားကျော်ကြားသော ဂုဏ်တော် ၉ ပါးတို့မှ အစဆုံး၊ အရဟံဂုဏ်တော်မြတ်ကို ရှိခိုးကြပါစို့။

(အားလုံးလိုက်ပြီး ဆိုကြရှိခိုးကြပါ)

လောဘော ဒေါသော စ မောဟောတိ၊
အန္ဓော ပစ္စတ္ထိကော တယော၊
ဒုဇ္ဇယေ သဗ္ဗဝေရီ ဟိ၊
သဉ္ဇိတမ္ပိ ဇိနံ နမေ။ ။

လောဘော စ၊ လောဘလည်းကောင်း။ ဒေါသော စ၊ ဒေါသလည်းကောင်း။ မောဟော စ၊ မောဟလည်းကောင်း။

www.dhammaransi.com



ဣတိ၊ ဤသို့။ သဗ္ဗဝေရိဟိ၊ ခပ်သိမ်းကုန်သော ရန်သူတို့ထက်။ ဒုဇ္ဇယေ၊ အောင်မြင်နိုင်ခဲလှပေကုန်ထသော။ တယော၊ သုံးမျိုးကုန်သော။ အဗ္ဘန္တရပစ္စတ္ထိကေ၊ ကိုယ်တွင်းပုန်ကန် သူပုန်ရန်တို့ကို။ သဥ္ဇိတ်၊ ကောင်းစွာအောင်မြင်တော် မူပြီးထသော။ ဇိနံ၊ မြတ်စွာဘုရားကို။ နမေ-နမာမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုးလျက် ရှိခိုးပါ၏ဘုရား။

ယခုအချိန်အခါမှာ လူတို့ဝါဟာ ကောဇာသက္ကရာဇ် ၁၃၄၃-ခုနှစ်ဟောင်းမှ ၁၃၄၄-ခုနှစ်သစ်သို့ ကူးပြောင်းလာသော နှောင်းတန်ခူးလပြည့်ကျော် ၆-ရက်၊ ၇-ရက်၊ ၈-ရက် သင်္ကြန်နေ့ ၃-ရက်တွင်ဟောကြားမည့် တရားတော်က ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း ပဋ္ဌာန်းတရားတော်ကြီးတွေ ပါပဲ။

## ဟေတုပစ္စည်း

ထို ဟေတုပစ္စည်း အာရမ္မဏပစ္စည်း၊ ပဋ္ဌာန်းတရားတော် မြတ်ကြီးဘွဲ့ကို (သံယောဇဉ်မည်၊ ကြိုးဆယ်လီတို့၊ ရစ်ချည်ဖွဲ့နှောင်၊ တထောင်သန့်လတ်၊ ငါးရာပတ်၍၊ ထိတ်ချိုးသော့ခတ်၊ ကျဉ်းကြပ်ဆင်းရဲ၊ ဝဋ်တွင်းထဲမှ၊ ထုတ်ဆွဲဖြတ်ဖြည်၊ ရွှေပြည်နိဗ္ဗာန်၊ ချမ်းသာမှန်သို့၊ အလျင်အမြန်၊ ရောက်ကြောင်းမှန်သော။) ပဋ္ဌာန်းပစ္စည်း၊ ကြောင်းကျိုးနည်း သာမက၊ ဝိပဿနာအားထုတ်နည်းအထိ၊ နည်းနှင့်ဖြာတင့်ဖြင့်၊ လောဘ၊ မာန၊ ဒိဋ္ဌိတို့၏ ဇွဲလမ်းကပ်ငြိရာ လူနတ်ဗြဟ္မာ သတ္တဝါ အသက်ဟု ထင်ပွားချက်ကို ဖျောက်ဖျက်ပြီး၊ ရုပ်နာမ်နှစ်ပါး ကြောင်းကျိုးတရားနှင့် အနတ္တသို့ထိ၊ အသိဉာဏ်တွေ ကိုယ်စီကိုယ်င ရသွားကြရ၊ ရောက်သွားကြရ၊ ပေါက်

www.dhammaransi.com



သွားကြလေအောင် ဆရာတော်ဘုရားက မေတ္တာ စေတနာ ကြီးမားစွာဖြင့် ဟောကြားပြသမည်။

လူတိုင်းလူတိုင်းမှာ ဟေတုပစ္စည်း အာရမ္မဏပစ္စည်းပဋ္ဌာန်း တရားတော်ကြီးတွေကို တတိုတစကမှ ဝါ-နည်းနည်း ကျဉ်း ကျဉ်းမှ မသိနိုင် မမြင်နိုင်ကြ၍ ပူပန်ဆင်းရဲ ဒုက္ခတွင်းထဲမှာ နစ်မြဲ နစ်မြုပ်နေကြရပေ၏။ထိုမသိမှု၏ဘေးကြီးများကိုမှတ်မိ သွားအောင် လိုက်ဆိုကြ လိုက်ဆိုကြ။

ခန္ဓာငါးခု၊ ဓာတ်အစုမှု
ငါဟုစွဲငြား၊ ထင်မှားအယူ
နိဗ္ဗာန်မနီး၊ ခရီးရှည်သူ
ဒုက္ခဖြစ် နစ်ကြ တပူပူ။

အဲဒီ လင်္ကာဆောင်ပုဒ်ကိုလဲ ရအောင် ကျက်ထား မှတ်ထားကြ။

အခု ပဋ္ဌာန်းဟောစဉ်တရားထဲမှာ ထည့်သွင်းဟောကြား ပြသမည့် တရားလင်္ကာတွေ တရားသဘောတွေကို ရဖို့ သိဖို့ ဆိုတာဟာ ကိုယ်တိုင်ပြုလုပ်မှသာ ရတာမျိုးဖြစ်ပါတယ်။ သူ များအားကိုးပြီး သူတပါးခိုင်းစေလို့ မဖြစ်နိုင်ပါဘူး။ ဖြစ်နိုင် တဲ့ သဘောလဲ မရှိပါဘူး။ အချိန်တွေရွှေ့ဆိုင်းနေလို့လဲမဖြစ် ပါ။ ဘာ့ကြောင့်မဖြစ်တာလဲဆိုလျှင်၊ မြတ်စွာဘုရားကြီးကိုယ် တော်တိုင်ကသိုလ်တရားပွားများအားထုတ်တဲ့နေရာမှာအချိန် မဆွဲပဲ မြန်မြန်ဆန်ဆန် ကြိုးစားအားထုတ်ရန် ယခု ရှုတ်ဆို ပြမည့် တရားဂါထာနဲ့ တိုက်တွန်းထားတော်မူခဲ့တာ ဖြစ်သော ကြောင့်ပါပဲ။

www.dhammaransi.com



အစ္စေဝ ကိစ္စမာတပ္ပံ၊ ကောဇညာ မရဏံ သုဝေ။
နဟိ နော သင်္ဂရံတေန၊ မဟာသေနေန မစ္စုနာ။

အဲဒီလို ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တသုတ် ပါဠိတော်မှာ တိုက်တွန်း ဟောကြားတော်မူခဲ့ပါတယ်။

ဂါထာရဲ့အနက်အဓိပ္ပါယ်ကတော့ အဇ္ဇေဝ၊ယနေ့ ပင်လျှင်။ အာတပ္ပံ၊ ကိုယ့်ကိစ္စ ကိုယ့်စီးပွားအစစ် ဧကန်ဖြစ်သော ကိလေသာကို ပြင်းစွာ ပူလောင်စေတတ်သည့် ကုသိုလ်တရား၌ အားထုတ်ခြင်း ဝီရိယကို။ ကိစ္စံ ကာတဗ္ဗံ၊ နေ့လေးညဉ့်လေး အချိန်မရွေးပဲ ကြီးသလေး ငယ်သလေး အရွယ် မရွေးပဲ စိတ်ထဲဉာဏ်ထဲ တအားခဲပြီး မြန်မြန်ပဲ အားထုတ်ပြုလုပ်လိုက် ရာ၏။ကသ္မာ၊အဘယ်ကြောင့်နည်း ဟူမူကား။ ကော၊ အဘယ် သူသည်။သုဝေ၊ နက်ဖြန်သဘက် တရက်ရက်၌။ မရဏံ၊ သေ ခြင်းကို။ ဝါ ၊ သေရမည်ဟူ၍။ ဇညာ၊ ဧကန်မုချ သိနိုင်ပါ မည်နည်း။ န ဇာနာတိဧဝ၊ မသိနိုင်ကြရိုး အမှန်ပါပေတည်း။ မဟာသေနေန၊ အတွင်းအပမျှားလှသောစစ်သည်ရှိထသော။ တေန မစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ ငါတို့အား။ သင်္ဂရံ၊ မိတ်ဆွေဖွဲ့ကာ ဤနေ့မှာမူ သေအံ့ဟူ၍ သဘောတူ နေ့ရက် အချိန်းအချက်သည်။နဟိအတ္ထိ၊မရှိသည်သာတည်း။တသ္မာဟိ၊ ထိုသို့ ရှင်သေမင်းနှင့် မိတ်သင်းဖွဲ့ခါ ဤနေ့မှာမူ သေအံ့ဟူ၍ သဘောတူနေ့ရက် အချိန်းအချက် မရှိသောကြောင့်သာလျှင်။ ကိစ္စံ ကာတဗ္ဗံ၊ ကုသိုလ်အလုပ်ကို မြန်မြန်သုတ်သုတ် ပြုလုပ် လိုက်ကြရာတည်း။

ဤ ဘဒ္ဒေကရတ္တ သုတ်လာ ဒေသနာ ဂါထာတော်၏ အဓိပ္ပါယ် သဘောသွားကို တရားနာသူ ယောဂီ အများတို့ ပိုမိုထင်ရှား သိသာသွားကြရန် ထပ်မံရှင်းလင်း ပြရဦးမည် ဆိုလျှင်

ဇီဝိတံ ဗျာဓိကာလော စ၊ ဒေဟ နိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ။

အသက်၊အနာ၊ အခါ၊ သုသာန်၊ရောက်ရန် ဂတိ၊ ငါးပါးရှိ မသိနိုင်ကြရာ။

ဤဂါထာနှင့် ဤဆောင်ပုဒ်ကိုထည့်ပြီး ဟောပြပါမယ်။ ယနေ့နက်ဖြန် သဘက် ယာမ်တွင် သေမည်ဟု မည်သူမျှမသိ၊ ခန္ဓာငါးမျိုး အနိစ္စတရားဆိုးတွေ၏ လက်တွင်း၌သက်ဆင်းနေကြရသဖြင့် နေ့သေမလား ညသေမလားလဲမသိ။ဘယ်နေရာ ဘယ်ဒေသ ဘယ်ရောဂါ ဘယ်အနာနဲ့ ခေါင်းချရမည်လဲမသိ။ သေရမည်ဆက်ဆက် ခက်ရပြီ၊ ခက်ပြီဟု စိတ်ကရော နှုတ်ကပါ တတွတ်တွတ် တဖွဖွနှင့် ရေရွတ်မြည်တမ်း ရောင်ရမ်းငြီးတွားနေကြရလျက်။ ကြောက်စရာအရေး ကြောက်စရာ သေဘေးကြီးကို၊ ဟရေးခရေး တနွေးနွေး စိတ်မအေးပဲ နေရတဲ့ ခန္ဓာငါးခု အနိစ္စအစုကို၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ငါငါ ငါဟု တငါငါ ထင်မှားပုံပြီး အားကိုးနေကြတဲ့ ပုထုဇဉ် အန္ဓသား ပုဂ္ဂိုလ်တွေများကြသည့် အဖြစ်ကြောင့် ကိုယ့်ကျိုး ကိုယ့်စီးပွား ကိုယ့်ချမ်းသာ အစစ်ဖြစ်သော ကုသိုလ်တရား ဒါန၊ သီလ၊ ဘာဝနာ အလုပ်များကို အချိန် နာရီ နေ့၊ ရက်၊ လ၊ နှစ်တွေ ရွှေ့ပြောင်းပြီး မနေကြပါနဲ့လို့ တိုက်တွန်းတော်

www.dhammaransi.com



မှုလိုရင်းဖြစ်ပါတယ်။ နေ့ရွှေ့၊ ရက်ရွှေ့၊ လရွှေ့၊ အချိန်နာရီတွေရွှေ့နေက မိမိပြုရမည့် ကုသိုလ်တရား ဒါန သီလ ဘာဝနာများ မပြုလိုက်ရ၊ မရလိုက်ကြပဲ သေဘေးကြီးက အရင် လက်ချက်ဦးသွားလို့ရှိလျှင်၊ ကိုယ့်ကျိုးစီးပွားတွေ ပျက်ပြားပြီး ရရှိမသွားမှာ စိုးရိမ်သောကြောင့် ယခုလို မြန်မြန်သုတ်သုတ် ပြုလုပ်ကြပါလို့ တိုက်တွန်းတော်မူပါတယ်။

တထေရတနည်းမှာ ကုသိုလ်ပြုရာ၌ မြန်မြန်ပြုရခြင်း၏ အကြောင်းတခုမှာ သေမည့်ဘေးကြောင့်သာမက နှေးနှေးပြုခဲ့သော် ငန်တိုမစ္ဆရိယစိတ်သည် လှူလိုသော သဒ္ဓါစိတ်ကို ဖျက်ဆီးတတ်၍လည်း မြန်မြန်ပြုဟု ဘုရားဟော၏။

ကိုယ့်ရဲ့ဥစ္စာ၊ ကိုယ့်ရဲ့စီးပွားအမှန် ကုသိုလ်ကံကို မြန်မြန်သုတ်သုတ် ပြုလုပ်ပါဆိုတဲ့ တရားတော်အတိုင်း မြန်မြန်သုတ်သုတ် ပြုလုပ်ကြိုးစားအားထုတ်ကြပါ။

ပို၍ပို၍ နားလည်လာအောင် ပို၍ပို၍ကုသိုလ်အလုပ်အား ထုတ်ချင်လာအောင် ဥပမာဆောင်ထင်လာအောင် ထပ်မံပြဦးမည်ဆိုလျှင် –

(၁) မုဆိုး၏ မြှားဦးမှာ မကြာမီသေရမည့်ဘေးကိုမသိရှာ၍ ပျော်မြူး နေသော ယုန်မိုက် ကဲ့သို့လည်းကောင်း၊

(၂) တံငါ၏ ပိုက်ကွန်တွင်း၌ သက်ဆင်းကျရောက်သေရမှာကို မသိ၍ ရောက်ရက်ခတ် ပျော်ပိုက်နေသော ငါးမိုက်ကဲ့သို့လည်းကောင်း။

www.dhammaransi.com



(၃) ကြောင်၏ရှေ့နားတွင် သေမည့်ဘေးကို မမြင်၍ ပျော်ရွှင်နေသော ကြွက်မိုက်ကဲ့သို့ လည်းကောင်း။

(၄) မြွေပွေး မြွေဟောက်၏တွင်းထဲတွင် ပျော်ပိုက်နေသော ဖားမိုက်ကဲ့သို့လည်းကောင်း။

(၅) မြဲသေ့မင်း၏ ရှေ့ဦးတွင်ပျော်မြူးပွဲသည့် သမင်မိုက်ကဲ့သို့လည်းကောင်း။

လူဘဝရခိုက် အသိဉာဏ်ရှိသူတွေမှာမဖြစ်သင့် မဖြစ်ထိုက်၊ မနေသင့် မနေထိုက်ကြပေ။

ယုန်၊ငါး၊ကြွက်၊ဖား၊ သမင် ခမျာမှာတော့ အသိဉာဏ်မရှိရှာကြတဲ့ အဟိတ်တိရစ္ဆာန်ဘဝ ရောက်နေကြရ၍ အပြစ်တင်ကဲ့ရဲ့ဖို့ရန် မဖြစ်ဘူး၊ သူငါကစ လူဖြစ်လာကြတဲ့ ကြုံတောင့်ကြုံခဲ ရတောင့်ရခဲလှတဲ့ လူ၏ဘဝ ရရောက်လာကြတဲ့ သူသူငါငါ လူသတ္တဝါ အသိဉာဏ်ရှင်တွေမှာတော့ ထိုအသိဉာဏ်ကင်းမဲ့ တိရစ္ဆာန်တွေနဲ့ မခြားတမူ အလားတူ နေကြမည်ဆိုလျှင် ဧကန်မုချ ပြစ်တင်ကဲ့ရဲ့ထိုက်ကြတော့မည်သာတည်း။ အပြစ်တင်ခံရ အကဲ့ရဲ့ခံရတော့မည်မှာ မလွဲသာတည်း။

ထို့ကြောင့် မိမိတို့ကိုယ်ကို မိမိတို့ သေမင်း၏ ခံတွင်းဝ နေရသည့် ဖြစ်အင်ကို အသိဉာဏ်ယှဉ် သမ္ပဇဉ်ဖြင့် ဆင်ခြင်စဉ်းစားနှလုံးထားပြီး တလှုလှု တကြွကြွ တသသ တမော်မော် တပျော်ပျော် တရွှင်ရွှင်နဲ့ ကုသိုလ်ကို မေ့ချင်တိုင်း မေ့၍ များ လားလားမှမနေသင့်၊ မနေထိုက်ပါတကားဟု သတိအမြဲပြုပြီး နေကြရမည်လို့ မြတ်စွာဘုရားက တိုက်တွန်းဟောကြားတော်မူလိုရင်း ဖြစ်ပါတယ်။

www.dhammaransi.com



ဒီသဘောအဓိပ္ပါယ်ကို လင်္ကာသွားနဲ့ စိတ်ထဲဉာဏ်ထဲမှာ အစဉ်ပါသွားအောင် ကဲ လိုက်ဆိုကြမှတ်သားထားလိုက်ကြ။

(၁) ယုန်၊ငါး၊ကြွက်၊ဖား၊သမင်များမှာ၊
သေမည့်ဘေးထိ၊မသိငြားရှာ၊
ရန်သူအနား၊ ပျော်ပါးပမာ၊
ငါတို့ကား လားလားမနေသင့်ပါ။

(၂) သတိသမ္ပဇဉ်၊ဉာဏ်ယှဉ်၍သာ၊
သေမည့်ဘေးကြီး၊ ဆင်ခြင်ပြီးခါ၊
အချိန်ရှိခိုက်၊ငွေလစိုက်ပ၊
ကုသိုလ်မှု၊အားပြုမြန်မြန်သာ။

(၁) ယုန်၊ငါး၊ကြွက်၊ဖား၊သမင်များ၊ပျော်ပါးနေကြရှာ။

(၂) ရန်သူအနား၊သေမည့်ကား၊လားလားမသိပါ။

(၃) ဤဥပမာ၊ဉာဏ်ယှဉ်ကာ၊ ပြုပါနေ့တိုင်းသာ။

(၄) သေဘေးကြီးနီး၊ ဆင်ခြင်ပြီးခါ၊ ကုသိုလ်သာ၊ မြန်စွာပြုလုပ်ပါ။

ဤကဲ့သို့ မြတ်စွာဘုရားက "အသင်တို့ ကုသိုလ်လုပ်စရာ ရှိတာ မြန်မြန်လုပ်ကြ၊ သင်တို့ သေမင်းခံတွင်းဝနေရတာ နေ့သေမလား၊ညဥ့်သေမလား မသိဘူး၊ တထိတ်ထိတ် တလန့် လန့်နေကြရတယ်"လို့ တိုက်တွန်းတော်မူတဲ့အတိုင်း တပည့် တော်တို့ဖြင့် မြတ်စွာဘုရားဟောသလောက် မထိတ်လန့်ပါ လား ဆိုလျှင် ကိုယ်ကမသိလို့ မထိတ်လန့်တာကိုး။ အမှန်အမှ သွားကတော့ ထိတ်၍၊ လန့်ရမယ်။ မြတ်စွာဘုရား ဟောသလို

www.dhammaransi.com



မကြောက်ပါလားဆိုလျှင်လဲ များသောအားဖြင့် လူတွေက မျက်စိကန်း တစ္ဆေမကြောက် ဆိုသလို ဉာဏ်မြင်မျက်စိ မပေါက်ကြလို့ မကြောက်ကြတာ။ တရားနာသူတွေ သန္တာန် ဟောသူတွေသန္တာန်မှာ အသိဉာဏ်အမှန်ရှိကြမယ် ဆိုလျှင် ကြောက်ရမယ်၊ လန့်ရမယ်၊ ထိတ်ရမယ်။ အဲ ဒါကြောင့်အားလုံး သတ္တဝါတွေဉာဏ်မြင်မျက်စိပေါက်ပြီး ချမ်းသာခြင်းသို့ ရောက်ကြရလေအောင် တရားအားလုံးကို သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားက ထိတ်လန့် ကြောက်ရွံ့ရာအကြောင်း တရားတွေကို ဟောဖော်ညွှန်ပြ တိုက်တွန်းဆုံးမတော် မူခဲ့ပါတယ်။ "သင်တို့ကုသိုလ်များများလုပ်ကြ။ ကိုယ်ရဲ့ပစ္စည်း အမှန် အဖိုးတန်တဲ့ကုသိုလ်ကံကို မြန်မြန်လုပ်ကြ၊ မြန်မြန်လုပ် ကြ" တဖွဖွ တိုက်တွန်းဆုံးမတော်မူပါတယ်။

ယခု သူငါကစ နေကြ ထိုင်ကြတာက ဘာနဲ့တူသလဲ ဆိုလျှင် အထက်က ဥပမာပြဆိုခဲ့တဲ့အတိုင်း သေရမည်ကေန် ဘေးရန်ကိုမသိရှာကြ၍ ရန်သူလက်တွင်းမှာ ဇာတ်အတင်း ပျော်မြူးမှုင်ပြ တခုန်ဆွဆွ တရှုရှု တလှုပ်လှုပ် ဖြစ်နေကြတဲ့ ယုန်၊ ငါး၊ ကြွက်၊ ဖား၊ သမင်သတ္တဝါများပမာနှယ်တကယ်တူလှ ကြပါတယ်။ အဲဒါ ရှေးဆရာတော် ဆရာတော်ကြီးများက ဥပမာဆောင်ထင်အောင်မြင်အောင် ပြတော်မူခဲ့ကြပါတယ်။ မတူဘူးလားဆိုလျှင် အလွန့်အလွန်တူပါတယ်။

အဲဒီအသိဉာဏ်မြင် ကင်းမဲ့တဲ့ တိရစ္ဆာန်တွေလို အသိဉာဏ် ပိုင်ရှင်တွေမှာ မဖြစ်သင့်မဖြစ်ထိုက် မနေသင့် မနေထိုက်တဲ့ အတွက်ကြောင့် အချိန်ရှိခိုက် လုံ့လစိုက် လသာခိုက်ဗိုင်းငင် ဆိုသလို ကိုယ်ရဲ့ဥစ္စာစီးပွားရေး အစစ်အမှန် ဒါန သီလ

www.dhammaransi.com



သူကောင်းများလို ကိုယ်၏အကျိုးစီးပွား ကိုယ့်အရေး ဟူ၍လဲ မသိ၊ သူတပါးအကျိုးစီးပွားဟူ၍လဲမသိ၊ မသိတော့လဲ မိမိသူတပါး ဘယ်သူ့အကျိုးစီးပွားကိုမှရအောင် မပြုလုပ်နိုင် အကျိုးမပြီး အချည်းနှီး အချိန်ကာလကုန်ပြီးနေတဲ့ လူစားမျိုးကို အရူးလို့ ခေါ်တာပဲ၊ ဒီစကားကတော့ ယက္ခရူး၊သည်းခြေရူး နှစ်ဦးကို အထူးရည်ရွယ်ပြီး ဆိုလိုက်တာပါပဲ။ ၎င်းနှစ်ဦးမှာတော့ အသက်ရှင်နေဆဲဘဝမှာပင် ချမ်းသာရာ ချမ်းသာကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်း ဘယ်အလုပ်ဘယ်ကိစ္စကိုမျှ သိလဲမသိ၊ လုပ်လဲပလုပ်ကြတော့ဘူးဆိုတာ လူတိုင်းလူတိုင်း တွေ့မြင်သိရှိနေကြလို့ သူတို့အဖို့မှာ ပြောစရာမရှိ ထားလိုက်ပါတော့။ ထိုအရူးအနှမ်းမှာ တဘဝလုံး အသုံးမကျတော့ပါဘူး။

ကျန်တဲ့အရူး (၆) ဦးမှာ ယခုဘဝ မိမိ၏လောကီ တဘဝအတွက်မျှ ကြီးပွားချမ်းသာရန် အလုပ်ကိစ္စများကိုသိလဲ သိပါတယ်၊ လုပ်လဲရအောင်ကြိုးစားပြီး လုပ်ပါတယ်၊ လုပ်ကြလို့အဆင်သင့်က ကျတဘဝမှာတော့၊ စိတ်တိုင်းကျ လက်တိုင်းကျ ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ကြသူတွေလဲ မျက်မြင်ဒိဋ္ဌပွေ့ နေကြတာပါပဲ။ သို့သော် ဒီအရူးတွေမှာ ဉာဏ်အမြင်မှန်နဲ့ အရှည်မြော်လိုက်ရင် အေးငြိမ်းရာ အစစ်အမှန် နိဗ္ဗာန်ရောက်အောင် နိဗ္ဗာန်မရမီအတွင်း ဘဝအဆက်ဆက်ဝယ် သုဂတိဘဝချမ်းသာသုခရအောင် ကိုယ့်ကိစ္စကိုယ့်စီးပွား စစ်မှန်တဲ့ ဒါနသီလဘာဝနာကုသိုလ်ကံများကို နက်နက်နဲနဲလဲ မစဉ်းစား မဝေဖန် နက်နက်နဲနဲလဲမသိ၊ မသိ၍လဲမလုပ်ပဲ နေမည်ဆိုလျှင် ယက္ခအရူး သည်းခြေရူး နှစ်ဦးနဲ့ ဘာမှာ ထူးပါဦးတော့

www.dhammaransi.com



မည်နည်း။ **ဓာ့ဒီအရှုးထဲပဲ** ပါဝင်နေကြပြန်တော့မှာပဲ မဟုတ်လား၊ ကြပ်ကြပ်ဆင်ခြင်ကြပါလေ။

ဒါကြောင့် အရှုးအနှမ်းထဲသို့ ပါမသွားရအောင် ထပ်လောင်းပြီး သတိပေးပါတယ်၊ လောကမှာ ပရိယေသနဝမ်းစာအတွက် စီးပွားရှာကြရာမှာ ဘယ်အလုပ်မျိုးမဆို မိမိကိုယ်တိုင် မလုပ်နိုင်၊ မကိုင်နိုင်၊ မအားမလပ်၍ မလုပ်ချင်ပျင်းရိ၍၊ သူတပါးအား အခကြေးငွေပေးချေပြီး ခိုင်းစေကကိုယ့်အရေး ကိုယ့်ကိစ္စများ ပြီးစီးအောင်မြင်နိုင်သေးသော်လည်း မိမိကိုယ်တိုင်ကိုယ်ကျ မလုပ်ပါက မပြီးစီးနိုင်သောဒါနအရေး သီလအရေး ဘာဝနာအရေး စသော ကုသိုလ်အရေးကြီးများမှာ ဘယ်သူအားမျှ အားမကိုး မခိုင်းစေတော့ပဲ ကိုယ့်ခန္ဓာဝန်ကိုယ်ထမ်း၊ ကိုယ်ပြုတဲ့ ကုသိုလ်ကံလမ်းကိုယ်သွား၊ ကိုယ့်တရားကိုယ်ဆင်ခြင်၊ ကိုယ်ရတဲ့ နိဗ္ဗာန်ကိုယ်မြင်က ကိုယ်ပင်ချမ်းသာမှာပါတကားဟု အသဲစွဲသွားအောင်မြဲမြဲကြီး မှတ်သားပြီးကြိုးစားအားထုတ် ပြုကျင့်ကြရာ၏။

တရားနာယူနေကြတဲ့ သူတော်ကောင်းတွေ အဖို့ကတော့ယခုလဲ သိတန်သလောက်သိနေကြလို့ တိုက်တွန်းတဲ့ အတိုင်းဆုံးမတဲ့အတိုင်း အားထုတ်နေကြ ကြိုးစားနေကြ ပြုကျင့်နေကြတာပါပဲ။

အားထုတ်ကြိုးစားနေကြတော့ ကနေ့ဟောမည့်တရားကပဋိစ္စသမုပ္ပါဒ်တရားလဲမဟုတ်ဘူး၊ မဟာသကြိန်တိုင်းဟောနေကြ ပဋ္ဌာန်းတရားကြီး ဖြစ်ပါတယ်၊ ပဋ္ဌာန်းတရားဆိုတာအနက်က ပ=အထူးထူးအပြားပြား အမျိုးမျိုး အစားစား

www.dhammaransi.com



သော။ ဌာန=ဗလဝ အကြောင်းပစ္စည်း။ ပဋ္ဌာန=အထူးထူး အပြားပြား အမျိုးမျိုး အစားစားသော အကြောင်းပစ္စည်း တရား။ ပါဠိလို-ပဋ္ဌာန၊ မြန်မာလို-အထူးထူးအပြားပြားသော အကြောင်းတရားဟု သိလွယ်ရုံမှတ်ထားကြ။

အထူးထူးအပြားပြားဆိုတော့ ဘယ်လောက်များသလဲဆို လျှင် ဟေတုပစ္စည်းကစပြီး အဝိဂတတိုင်အောင် (၂၄) မျိုး ပေါ့၊ အဲဒီ ပဋ္ဌာန်းတရားဟု ခေါ်ဆိုအပ်သော ( ၂၄ ) မျိုး သော အကြောင်းတရားတွေကို ယခုဝေငှ လှူဒါန်းထားတဲ့ ပဋ္ဌာန်းဝိပဿနာကျင့်စဉ် စာအုပ်ကြီးထဲမှာ အသင့်အတင့် တဖြည်းဖြည်း ဖတ်ကြည့်မယ်ဆိုလို့ရှိယင် များတဲ့အကြောင်း နက်နဲတဲ့အကြောင်း၊ ခက်ခဲတဲ့ အကြောင်း၊ သိမ်မွေ့တဲ့ အကြောင်းတွေကို မိမိတို့ ဉာဏ်စွမ်းရှိသလောက် ရိပ်မိ လောက်ကြပါလိမ့်မယ်။

ဒါကြောင့် ပဋ္ဌာန်းတရား အထူးထူး အပြားပြားသော အကြောင်းတရား၊ အဲဒီအကြောင်းတရားတွေကို မြတ်စွာ ဘုရားသည် ပစ္စယဝိဘင်္ဂဝါရအားဖြင့် ဟောကြားတော်မူပါ တယ်။ အဲဒီပစ္စယဝိဘင်္ဂဝါရမှာ နှစ်မျိုးရှိပါတယ်။ ဥဒ္ဒေသ၊ နိဒ္ဒေသအားဖြင့် နှစ်မျိုးပေါ့၊ ပဋ္ဌာန်းအဋ္ဌကထာလာ အနု သန္ဓေတက်သလိုဟောရမှာပေါ့။ ဥဒ္ဒေသဆိုတာက "ဟေတု ပစ္စယော-အာရမ္မဏပစ္စယော" စသည်ဖြင့် ဟောတဲ့အကျဉ်း တရားပါပဲ။ နိဒ္ဒေသတရားဆိုတာကတော့ "ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"စသည်ဖြင့် အကျယ်ဟော တဲ့တရားပေါ့။

www.dhammaransi.com



**ဒီကနေ့ ဟောမည့်တရားက ပစ္စယဝိဘင်္ဂါဝါရမှာ ဥဒ္ဒေသ ရော နိဒ္ဒေသရော။ နှစ်မျိုးလုံးပင် ဟောပြောမှာ ဖြစ်ပါတယ်။**

ကဲ– လိုက်ဆိုကြ။

ဥဒ္ဒေသတရား၊ နိဒ္ဒေသတရား အကျဉ်းတရား၊ အကျယ် တရား။

ဥဒ္ဒေသတရားက ဘယ်တရားလဲ - ဟေတုပစ္စယော - က ဥဒ္ဒေသတရားပါဘုရား။ (အဲဒါအကျဉ်းတရားဟု မှတ်။)

ဟေတူ-ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယောက ဘာတရားလဲ(နိဒ္ဒေသ တရားပါဘုရား) (အဲဒါ အကျယ်တရားဟုမှတ်။)

ပစ္စယဝိဘင်္ဂဝါရမှာ - မြတ်စွာဘုရား - ဥဒ္ဒေသ နိ ဒ္ဒေ သ (အကျဉ်းတရား) (အကျယ်တရား) အနေနဲ့ နှစ်မျိုးနှစ်စား ဟောတော်မူပါတယ်။

နိဒ္ဒေသ အကျယ်တရားမှာ ဟေတူအရက ဟိတ် ၆-ပါး တရား ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အရ ဟိတ် ၆-ပါးနဲ့ယှဉ်တဲ့ စိတ်စေတသိက်နှင့် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တရားတွေက ပစ္စယုပ္ပန်အကျိုးတရားမှတ်။

ရှေးတုန်းက ဒီဟေတုပစ္စည်းမှာ များသောအားဖြင့် သာမညမျှသိကြမှာပဲ၊ ဘယ်တရားကပစ္စည်း ဘယ်တရားက ပစ္စယုပ္ပန်ရယ်လို့ အမှန်မသိသူတွေများကြမှာပဲ။

ယခုနည်းနည်းကျဉ်းကျဉ်း နာကြားကြရလို့ အတော်အ သင့်လောက်တော့သိသွားကြပါလိမ့်မယ် တရားဆိုတာ နာမှသိ၊ လေ့လာဖတ်ရှုမှလဲသိ၊ သိမှလည်းကျင့် ကျင့်မှလဲ မြင်နိုင်

www.dhammaransi.com



တာယ်။ တရားမနာ စာပေမရှုလေ့လာမှု အမှန်မပြုကြဘူးဆိုယင် အမှန်မသိ၊ အမှန်မသိတော့မကျင့်၊ မကျင့်လျှင် အဘယ်မှာအမှန်မြင်နိုင်ပါမည်နည်း။

တရားတော်ဆိုတာ "နာလည်းနာမှ စာပေကြည့်ရှု လေ့လာမှုလဲပြုမှ အမှန်သိရတယ်၊ အမှန်သိမှအမှန်ကျင့်၊ အမှန်ကျင့်မှ အမှန်မြင်ပြီး အများစင်ကြယ်တာပါကလား"လို့ နာနာမြဲမြဲ အရိုးစွဲသွားအောင် မှတ်ထားကြပါ။

အမှန်မြင်လို့ အများတွေစင်ကြယ်သွားယင် တရားဆိုတာကိစ္စပြီးတော့တာပဲကိုး။ ဒီအမှန်ကိုသိရအောင် မြင်ရအောင် လုပ်နေကြရတာ အားထုတ်နေကြရတာပဲ။ အခုအများ လုပ်နေကြလို့ မိမိမှားတာကို မိမိမကြောက်၊ မိမိမှားတာကို အမှားမထင်။ အဲဒါသံသရာတခွင်မှာ အခက်ဆုံးပဲ။ အမြင်မှားသည် အပြစ်အကြီးဆုံးပဲ။ ဒိဋ္ဌိ၊ဒိဋ္ဌိသည်။ ပရမာအဝိဇ္ဇာ၊ အကြီးဆုံးသော အပြစ်တည်း"ဆိုတဲ့ ဒေသနာအတိုင်းပေါ့။

ထိုကြီးလေးတဲ့အမြင်မှား အပြစ်ကြီးကို ဖျောက်ဖျက်ပစ်ဖို့ကနေ့ဟောပြောတဲ့ ဟေတုပစ္စည်း ပစ္စယဝိဘင်္ဂဝါရဥဒ္ဒေသမှာ ဟေတုဆိုတာကတပုဒ်၊ ပစ္စယောဆိုတာကတပုဒ် ကျမ်းဂန်က ဟေတု စ သော ပစ္စယောစာတိ ဟေတုပစ္စယော၊ဟေတု စ၊ ဟိတ်လည်းမည်၏၊ပစ္စယော စ၊ ပစ္စည်းလည်းမည်၏၊ ဟေတုပစ္စယော၊ ဟိတ်လည်းမည် ပစ္စည်းလည်းမည်တရား။ ဤကဲ့သို့ပြုပါတယ်။

ဒါကစာအတိုင်းပြတယ်၊ စဉ်သိသိသွားအောင်ပေါ့၊ တော်တော်ကြာမှပညာသိနဲ့ သိရှိနားလည်သဘောပေါက်အောင် ဖွင့်ဆိုဟောကြားပြသပါ့မယ်၊ ဒါကိုစာထဲရှိတဲ့အတိုင်း ဒုတိယ

www.dhammaransi.com



ဝိဂ္ဂိုဟ်အနေနဲ့ပြတာကတော့ "ဟေတု ဟုတွာ ပစ္စယော ဟေတုပစ္စယော"ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ပထမအနက်ကဟိတ်လည်းဖြစ် ပစ္စည်းလဲဖြစ်သောတရား။ ဒုတိယအနက်တော့ ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ထိုဟေတုပစ္စည်းတွင် ဆိုခဲ့သောအနက် ၂-ပါးကို စပြီးသိပါ၊ ဟေတုပစ္စည်း ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ အကြောင်းမူလဖြစ်၍ ကျေးဇူး ပြုတတ်သော တရား။ အကြောင်းမူလဆိုဒါ ဘာလဲဆိုရင်တော့ ဥပမာ သစ်ပင်တပင်စိုက်တယ်၊ ဒီသစ်ပင်မှာ ရေသောက်မြစ်ရှိတယ်၊ ဒီရေသောက်မြစ်က အကြောင်းမူလဟေတုပါပဲ၊ အပေါ်မှာ ဝေဝေဆာဆာသစ်ပင် အကိုင်းအခက်တွေ ဖြာထွက်ကြီးပွားနေတဲ့ သစ်ပင်ကြီးကတော့ အကြောင်းမူလ ဟေတုခေါ်သော ရေသောက်မြစ်ကြောင့် ပေါ်လာတဲ့အကျိုး ပစ္စယုပ္ပန်ကြီးပဲ၊ အဲဒီသစ်ပင်ကြီးဟာ ဘာဖြစ်လို့အချိန်များများ ကြီးထွားရှင်သန်နေရတာလဲလို့မေးက အသိဉာဏ်ရှိသူမှန်လျှင် ပြောတတ်ပါလိမ့်မယ် ဖြေတတ်လိမ့်မယ်၊ "ဒီသစ်ပင်ကြီးဟာ ရေသောက်မြစ်တွေရှိနေလို့ ကြီးထွားရှင်သန် နေတာပဲလို့ ပြောမှာပဲ အမြစ်နက်လေလေ အမြစ်သန်လေလေ နှစ်လတာရှည် သစ်ပင်ကြီး ခိုင်မာကြီးထွားလေလေပဲ၊ အခုဥပမေယျဖြစ်တဲ့ လူတွေသတ္တဝါတွေမှာလဲပဲ၊ အဲဒီ သစ်ပင်လိုပဲ ဟိတ်ဆိုတဲ့ လောဘ ဒေါသ မောဟ အကြောင်း မူလတရားတွေရှိလေ

www.dhammaransi.com



သန့်လေ ခန္ဓာငါးမျိုး ရုပ်နာမ်တရားဆိုးတွေကြီးပွားများပြား လေလေပေါ့၊ဒါကို ဟေတုပစ္စယောလို့ ပါဠိလိုမြတ်စွာဘုရား ဟောတာပဲ၊

အမြစ်တွေကနေပြီးတော့ ပင်စည် သစ်ပင်ကြီးတည် တရက်၊ တလ၊ တနှစ် ၁၀-နှစ်၊ ၁၅-နှစ် အနှစ်၊ ၂၀၊ ၃၀၊ ၄၀၊ ၅၀။ ၁၀၀ စသည်အားဖြင့် ကြာရှည်တည်တံ့ခိုင်မြဲပြီး မသေ မပျောက်ပျက်ရအောင် ထောက်ပံ့လျက် ကျေးဇူးပြုပေး နေသလိုပဲ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတည်းဟူသော အကျိုး တရားတွေဟာ အစဉ်အဆက် မကုံမဆုံး မပျောက်မပျက်ပဲ တာရှည်ရှိနေ၏၊ ဖြစ်နေ၏။

ဟေတုမူလဆိုတာ ဘယ်တရားတွေများ ပါလဲဘုရား ဆိုတော့ အကုသိုလ်ဘက်ကပြောမယ်ဆိုရင် လောဘဟိတ် ဒေါသဟိတ် မောဟဟိတ် ၃-မျိုးမှတ်ထားကြ၊ ကုသိုလ်ဘက်က ပြောမယ်ဆိုရင်တော့ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် ၃-မျိုးပေါ့၊ အဆိုးအကောင်း ၂-မျိုးပေါင်း လိုက်တော့ ဟိတ် ၆-မျိုးရှိတယ်လို့ သေသေချာချာမှတ်ထား လိုက်ကြပါ၊ ဒီနေရာမှာ ဟိတ်ဆိုတာ ဟောခဲ့ပြီးသား သစ်မြစ် လိုပဲလို့ တရားနာယူသူတွေရဲ့ ဉာဏ်မျက်စိထဲ မြင်သွားတော့ သစ်မြစ်ခိုင်နံ့လေလေ၊ သစ်ပင်ကြီးရှင်သန်ကြီးထွားလေလေ ဖြစ်လာသလို လောဘ ဒေါသ မောဟဆိုတဲ့ ဟိတ်တရားအစဉ် တွေ ထင်ရှားကြီးပွား များပြားလေလေ ဒီခန္ဓာကိုဥပမေယျ မှာ လူနတ်ဗြဟ္မာ သတ္တဝါဆိုတဲ့ ခန္ဓာငါးပါးတရားတွေလဲ ရှည် လေလေပါလားဆိုတာ တရားနာသူတွေသဘောပေါက် နား လည်လောက်ကြပြီပေါ့။

www.dhammaransi.com



ဒီဟေတုပစ္စည်းရဲ့ နိဒ္ဒေသ ပါဠိအနက်ကိုလဲ ရအောင် နာယူမှတ်သား ကျက်ထားကြဖို့ ဆိုပြလိုက်ပါဦးမယ်–

ဟေတု၊ ဟိတ်ခြောက်ပါး ပစ္စည်းတရားတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဟိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ ဟေတုပစ္စယေန၊ အကြောင်းရင်းဖြစ်သော ဟေတုသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ဟောတိ၊ ဖြစ်၏။

ယခုဟောနေသော ဟေတုပစ္စည်းတရား၏ အခက်ကတော့ မပြောနဲ့တော့၊ အဲဒီ ဟေတုပစ္စည်းနဲ့ဘဲ့ဖက်ပြီး အတူတကွပေါင်း၍ ကျေးဇူးပြုတတ်တဲ့ပစ္စည်းတရားများ အခုစိတ်စေတသိက်ထဲမှာ ပစ္စည်းတွေအများကြီးပါတယ်၊ ရုပ်ထဲမှာလဲ အများကြီးပါတယ်၊ ဒါပေမယ်လို့ အဲဒီလို ကျေးဇူးပြုတဲ့ပစ္စည်းတွေထဲမှာ ဟေတုပစ္စည်းက ဝိသေသသတ္တိရှိလို့ ဟေတုပစ္စည်းတမျိုးကို ဝိသေသပြု၍ဟောတော်မူပါတယ်၊ အဲဒီဟေတုပစ္စည်း ဝိသေသသတ္တိကိုမြတ်စွာဘုရား ဟောလို၍ ဟေတုပစ္စယောလို့ ဟောတာပဲ။ ဒီပြင် ပစ္စည်းတွေလဲပါတော့ပါတယ်၊ ဒါပေတယ်လို့သူတို့က ဟေတုလောက်သတ္တိထူး ဒီနေရာမှာ မရှိဖူး။အဲဒါကြောင့်မို့ ဟေတုပစ္စယော အကြောင်းမူလဖြစ်၍ ကျေးဇူးပြုတတ်တဲ့ တရားဟု ဟောခြင်းပဲ၊

ဟေတုဆိုတဲ့ပုဒ်ရဲ့အနက်တွေက အများကြီးပဲ၊အကြောင်းလဲဟောတယ်၊ မူလလည်းဟောတယ်၊ အရှင်အဿဇိမထေရ်က

www.dhammaransi.com



အရှင်သာရိပုတြာအလောင်းဖြစ်တဲ့ ဥပတိဿကို ဟောသွားတဲ့ (ယေဓမ္မာဟေတုပ္ပဘဝါ) တရားလာရှိတဲ့ ဟေတုကတော့ အကြောင်းကိုဟောတယ်။ အခု ဟေတုပစ္စယောမှာပါတဲ့ ဟေ- တုကတော့ မူလအနက်ကိုဟောတယ်၊ မူလဆိုတာအမြစ်အရင်း မှတ်၊ ကမ္မဘဝကအကြောင်း၊ အကြောင်းဆိုတာက ဒီအကြောင်းရှိလို့ ဒီအကျိုးဖြစ်တယ်၊ မူလဆိုတာကတော့ တကယ်နက်ဘဲ့သဘော၊ ဟေတုပစ္စည်းမှာပါတဲ့ ဟေတုကရေ သောက်မြစ်နဲ့ တူတဲ့ အနက်မှတ်။

ဟေတုပစ္စည်း ရေသောက်မြစ်နှင့် တူသော အကြောင်း မူလဖြစ်၍ ကျေးဇူးပြုတတ်တဲ့တရားဆိုတာ ဆရာတော်ဘုရား ကြီးရေးသားထားတော်မူခဲ့တဲ့ ပဋ္ဌာန်းဝိပဿနာ စာအုပ်ကို ဖတ်ကြည့်ရင် သေချာဂနစွာ သိကြရလိမ့်ပါမယ်၊ တွေ့ရှိ ကြရပါလိမ့်မယ်၊ ရတနာရှင်တွေဟာ မိမိလွယ်အိတ်ထဲမှာပါတဲ့ ရတနာတွေကို အလိုရှိရာအခါတိုင်းမှာ အသုံးပြုနိုင်ကြတာလို့ သတ္တဝါတိုင်းရဲ့ ကိုယ်စီကိုယ်ငှ အဇ္ဈတ္တသန္တာန်မှာလဲ အမြဲရှိ နေတဲ့ ပဋ္ဌာန်းတရားရတနာတွေကို အလိုရှိရာအခါတိုင်းမှာ အထူးလွယ်ကူစွာ နားလည်သိရှိကြ၍ ဝိပဿနာတရားအစစ် များကို ကြိုးစားပွားများ အားထုတ်နိုင်ကြသဖြင့် နိဗ္ဗာန်တာသို့ ရောက်စေရန် အကျိုးငှာ ရေးသားလိုက်သောစာအုပ်ကိုတော့ သိထားစေချင်ပါတယ်၊ အဓိပ္ပါယ်က ရတနာရှင်တွေမှာ မိမိ၏ အိတ်ထဲမှာပါနေတဲ့ ရတနာတွေကို ကိုယ်လိုချင်သလိုအခါတိုင်း သုံးနိုင်သည့်နည်းတူပင်လျှင် တရားနာသူတွေဟာလဲပဲ မိမိတို့ ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ ပဋ္ဌာန်းတရားရတနာတွေကို လွယ်လင့် တကူ အသုံးချတတ်ဖို့ ဆရာတော်ဘုရားကြီးက ပဋ္ဌာန်း

www.dhammaransi.com

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ၂၁
ကမ္ဘာအေး၊ ရန်ကုန်

တရားဟာ မိမိကိုယ်တွင်းမှာရှိသည်၊ သူတပါးအတွင်းမှာရှိသည်၊ တလောကလုံးထဲအတွင်းမှာ ရှိသည်လို့ဆိုတာကို ထင်ရှားသိအောင် ပြတဲ့သဘောပါပဲ။

"ပဋ္ဌာန်းတရား အထူးထူးအပြားပြားသော အကြောင်းတရား"ဟုပါဠိ၏ လိုရင်းကိုလဲ သိမှတ်ထားကြပါ၊ မေ့ပျောက်မပစ်လိုက်ပါနဲ့။

မိမိအတွင်းမှာ ရှိတယ်တဲ့၊ သူတပါးအတွင်းမှာ ရှိတယ်တဲ့၊ ထိုထိုသတ္တဝါတို့၏ အတွင်းထဲမှာ ရှိတယ်တဲ့၊ အဲဒီရှိတာတွေကို ရှိမှန်း မသိတာက အဿုတဝါ ပုထုဇ္ဇနော မြတ်စွာဘုရားဟောတဲ့ ပဋ္ဌာန်းတရား၌လဲ မသိမနာကြားရ၍ မဆင်ခြင်ရ၍လဲမသိ၊ သမ္မုတိ – တရားတွေက စုပေါင်းနေမှု့လည်းမသိ၊ပြီးတော့ ကိုယ်ကဆင်ခြင်ဉာဏ် မရှိလို့လဲ မသိဖြစ်နေကြတာကိုး၊ ဒါကြောင့် အစမရှိသော သံသရာက ယခုဘဝ ယနေ့အထိ ငါဟူ၍ ငါ့ကိုယ်ဟူ၍ မှားနေကြသေးတာပေါ့ ဒီအမှားပျောက်ရေး ပဋ္ဌာန်းတရားဆေးတော်ကြီးကို သူသူငါငါတွေက ငါတို့နှင့် မထိုက်တဲ့ ငါတို့မသိနိုင်တဲ့ တရားပဲလို့ လက်လျှော့နေကြတာကို ဆရာတော် ဘုရားကြီးက မလျှော့အောင် ဆိုပြီး အနဝတတ် ရေအိုင်ကြီး ဥပမာဆောင်ပြီး ထင်မြင်အောင် ပြတော်မူပြန်တယ်။

အနဝတတ်ရေအိုင်ကြီးထဲမှာရေတွေကယူဇနာ ၅၀-နက်တယ်၊ အဲဒီယူဇနာ ၅၀-အနက် ရှိတဲ့ရေတွေကို ဘယ်လိုလုပ်ပြီး သတ္တဝါကြီးငယ်တွေ သောက်သုံးကြမလဲဆိုလျှင် ကိုယ်မှီရာက ကိုယ်သောက်ရုံသုံးရုံပဲပေါ့။ ဒါကြောင့် ဆင်ကလည်း

www.dhammaransi.com



ဆင်မိုတဲ့ နေရာကသောက်၊ ယုံကလည်း ယုံမိုရာကသောက်၊ ပရွက်ဆိတ်ကလည်း ပရွက်ဆိတ်မိုရာကသောက်၊ ကမြင်းမနီကလဲ ကမြင်းမနီ မိုရာကသောက်၊ အဲဒီအနေ့ာတတ် အိုင်ရေတွေ သတ္တဝါတိုင်း သတ္တဝါတိုင်း ကိုယ်မိုရာ မိုရာကသောက်နိုင်ကြသလိုပဲ ပဋ္ဌာန်းတရားကိုလဲ စာနည်းပေနည်းနဲ့ ဉာဏ်ကြီးရှင်တွေ့ သိသလောက် မသိနိုင်သော်လဲ၊ မိမိတို့ဉာဏ်မှီသလောက် ကိုယ်နိုင်သလောက် ပဋ္ဌာန်းတရား အသိဉာဏ်ပေါက်သွားကြမယ်ဆိုရင် အမှားကိုလှန်၊ အမှန်သို့ရောက်ခါ နိဗ္ဗာန်တရား အထိ ဉာဏ်ပေါက်သွားဖို့ ပါပဲ၊

အလွန်တရာ ကြီးကျယ် မြင့်မြတ်လှတဲ့ အဘိဓမ္မာပရမတ် ပဋ္ဌာန်းတရားတော်မြတ်ကြီးရဲ့ အစစ်တို့ဟာ ထိုထိုသဝိညာဏက – အသက်ရှိသတ္တဝါတွေအတွင်းမှာ ခွဲစိတ်ဝေဖန်လိုက်တော့ ဝတ္ထုရုပ် ၆-ပါးရှိတယ်၊ မျက်စိ, နား, လျှာ, ကာယ, ဟဒယ ဒီ ၆-ပါးသည် ပဋ္ဌာန်းတရားဖြစ်ရာ ဌာနဖြစ်ပါတယ်၊ (ပဋ္ဌာန်းတရားဖြစ်ရာများ ၆-ပါးဒွါရမှတ် ၆-ပါးဝတ္ထုရုပ်မှတ်) အဲဒီလို အတိုချုပ် သိမှတ်ထားကြပါ။

ပဋ္ဌာန်းတရားတွေ ဘယ်မှာ ဖြစ်သလဲ ဆိုရင် မျက်စိပေါက်မှာ ဖြစ်သည်၊နားပေါက်မှာဖြစ်သည်၊ နှာခေါင်းပေါက်မှာဖြစ်သည်၊ လျှာပေါက်မှာ ဖြစ်သည်၊ ကာယပေါက်မှာ ဖြစ်သည်၊ မနောပေါက်မှာဖြစ်သည်။

ဤဒွါရ ၆-ပါးပေါင်းလိုက်တော့ ခန္ဓာကိုယ်ကြီးယောကျ်ားကောင်းကြီး၊ မိန်းမကောင်းကြီး၊ ငါပဲ သူပဲ ပုဂ္ဂိုလ် သတ္တဝါပဲ” ဟု သမုတိ ပညတ် ပေါ်လာတယ်။

www.dhammaransi.com



ဤဒွါရ ၆-ပါးတွင် ပဋ္ဌာန်းတရားတွေ မပြတ်မစဲအမြဲဖြစ်ကြ တယ်၊ဖြစ်ပုံပြောစမ်းပါဆိုရင်တကိုယ်လုံးစိတ်ကြောင့် ဖြစ်ပေါ် ကြသော (အိပ်ထိုင်ရပ်သွား အစားစားပေ၊ အထွေထွေ အနု စိတ်၍ သိ ရန်လဲ ပါပါတယ်) ပါဠိတော် အတိုင်းကတော့— "ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ ဟေတု ပစ္စယေန ပစ္စယော" ဟု ပြောလိုက်လျှင်ပင် အားလုံးခြုံငုံမိပါ တယ်။ ဒါပေမဲ့ သူငါက ပုထုဇဉ်လူပြိန်းကျအောင် နားလည်ဖို့ ပြောစမ်းပါဦးဆိုရင် – မျက်စိ, နား, နှာ, လျှာ, ကိုယ်, မနော ဒီ ၆-ပါးသော ဒွါရတို့ဖြင့် အဆင်း အသံ အနံ့ အရသာ အတွေ့ သဘောဟူသမျှတွေကို သတ္တဝါသိ ပုဂ္ဂိုလ်သိ၊ သူသိ၊ ငါသိတို့ ဖြစ်ပေါ်နေသမျှ သိလုံးတွေကား ဧဝဇိတ်နဲ့ သိလုံးတွေ ချည်း ပဲလို့သိရှိနားလည်ထားကြပါ၊ ထို့ပြင် စိတ်သွားရာ ကိုယ်ပါဆို တဲ့စကားအတိုင်း စိတ်ကြောင့် ဖြစ်ပေါ်ကြသော အိပ် ထိုင် ရပ် သွား အစားစားပေ၊ ရုပ်ဖြစ်နေ အနုစိတ် – အသေးစိတ် တွေသိအရ – သတိပဋ္ဌာန်တရားမြတ်စွာဘုရားဟောတဲ့ – အဘိ- ဓမ္မာ့ ကြွေ စသည်တွေပါပဲ၊

သူငါကစ ပုထုဇဉ် လူပြိန်းများမှာတော့ များသောအား ဖြင့် ကောင်းတဲ့အာရုံတွေကြုံကြလျှင် နှစ်သက်တွယ်တာခြင်း လောဘနဲ့ လည်းကောင်း၊လောဘအဖြစ်ကို မမြင်တဲ့ မောဟ ဟိတ်၊ မကောင်းတဲ့ အာရုံတွေကြုံကြလျှင် – စိတ်ဆိုးခြင်းနှလုံး မသာယာခြင်း ဒေါသနဲ့လည်းကောင်း၊ဒေါသ အဖြစ်ကို မမြင် တဲ့ မောဟဟိတ် အကြောင်းတရား ရေသောက်မြစ်ကြီးများ ကြောင့်သာ ကိုယ် နှုတ် အမူအရာအမျိုးမျိုး ဟေတုပစ္စည်းရဲ့ အကျိုး ပစ္စယုပ္ပန်တရား အကုသိုလ်အစားစား ပဋ္ဌာန်းတရား

www.dhammaransi.com



များဖြစ်ပွားကြပါတယ်လို့ ဉာဏ်ရှိသလောက် သဘောပေါက် နားလည်နိုင်ကြပါစေ။

တရားနာပရိသတ်တွေကို ဆရာတော် ဝမ်းမြောက်စရာ တခု ထပ်လောင်းပြောပြချင်တာက ဟို....ရှေးက ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး မန္တလေးမှာ တရားရေး အေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူနေတော့ တရားထောက်လုပ်တဲ့ဦးသော် ဆိုတဲ့တကာတယောက်က "ဆရာတော်ဘုရား တပည့်တော်တို့အား သနားသောအားဖြင့် ပဋ္ဌာန်းတရားများလဲ ချီးမြှင့်ဟောကြားပေးတော်မူပါဘုရား" လို့ လျှောက်ထားသတဲ့၊ အဲဒီလိုလျှောက်ထားသတဲ့၊ အဲဒီလို လျှောက်ထားတော့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက "အိမ်း၊ မင်းတို့လူတွေ ပဋ္ဌာန်း ၂၄-ပစ္စည်းစလုံး နားလည်နိုင်ဖို့ဆိုတာခက်တယ်၊ ဒီဝိပဿနာအလုပ်နှင့် သုံးနိုင်တဲ့ တရားမျိုးလဲ မဟုတ်ဖူး၊ ပဋိသမ္ဘိဒါဉာဏ်အလုပ်၊ သက်သက်သာဖြစ်တယ်ကွဲ့" လို့ မိန့်တော်မူတယ်တဲ့။

ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်တွေမှာ – ပဋ္ဌာန်း တရားအရနဲ့ ဝိပဿနာအလုပ်သုံးဖို့ ၂၄-ပစ္စည်းလုံး မသုံးနိုင်ဖူးတဲ့၊ ဘယ်လိုများ သုံးနိုင်ပါသလဲဆိုရင် အခုဟောနေတဲ့ ဟေတုပစ္စည်း စသော ပစ္စည်းတပါးလောက် တစိတ်တဒေသ ၂-ပါးလောက် တော့ သုံးနိုင်တယ်။

ပစ္စည်းတပါးစ နှစ်ပါးစ အကျဉ်းမျှ တစိတ်တဒေသအနေနဲ့ ဝိပဿနာလို မိန့်တဲ့အလုပ်ရနိုင်ကြောင်းကို ဟောကြားဆုံးမခဲ့တယ်လို့ မှတ်ထားကြပေါ့၊ ထင်ရှားအောင် တပါးခြင်း ခွဲဟောပြမယ်၊

www.dhammaransi.com



ကဲ လိုက်ဆိုကြ၊ "လောဘဟေတု–လောဘသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ လောဘဟေတုပစ္စယေန ပစ္စယော" အဲဒီအတိုင်း ဒေါသဟေတု–စသည်ဆိုရမှာချည်းပဲ။ ဒါကဖြန့်ခင်းပြီး အကျယ်သိအောင်ရှင်း ဟောဒါပါ ဆိုတတ်မှာတော့မဟုတ်ပါဖူး။

လောဘဟေတု၊ လိုချင်တဲ့ လောဘအကြောင်း ဟိတ်သည်။ လောဘဟေတုသမ္ပယုတ္တကာနံ၊ လောဘအကြောင်းခံ၍ဖြစ်ကုန်သော။ ဓမ္မာနံ၊ စိတ်စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနဉ္စရူပါနံ၊ ထိုစိတ်စေတသိက်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း။ လောဘဟေတု ပစ္စယေန၊ လောဘဟေတုပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြု၏။ အဲဒီလို ဆိုတော့–လူများသိရန် ပြောကြသော စကားထဲရောက်အောင် သူ့ကိုယ်ထဲရောက်အောင်ပြောမယ်ဆိုရင် လောဘဟိတ် လောဘအရင်းခံပြီး စိတ်စေတသိက်ဖြစ်တယ် လိုချင်တဲ့လောဘကြောင့် လိုချင်တဲ့ စိတ်ကူး ကြံစည်မှုတွေကဆက်၍ဆက်၍ ခိုးကြ၊ တိုက်ကြ၊ သတ်ကြတဲ့ နှုတ်နှင့်ပြော ကိုယ်နှင့် ပြုတာတွေဖြစ်ရသပေါ့။ အဲဒါတွေ လိုချင်လောဘ အားကြီးတဲ့ အကြောင်းရင်းကြောင့် မဟုတ်ပေဖူးလား။

အဲသည် လိုချင်လောဘအားကြီးလာတော့ မည်သူ့ အိမ်၊ မည်သူတိုက်သွားပြီးခိုးမယ်၊ တိုက်မယ် မည်သူ့ ယာခင်းတောသွားခိုးမယ်စသည်စသည် စိတ်ကူး အကြံအစည်တွေဖြစ်လာရော။ အဲသည်စိတ်ကူးအကြံအစည်တွေဖြစ်ပြီး၊ ခြေထောက်နဲ့ သွား၊လက်နဲ့ယူတာ လုတာတိုက်တာ ခိုက်တာ တွေအား

www.dhammaransi.com



လုံးသည် လောဘဟိတ် လိုချင်စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ္တဇဝါယောရုပ်တွေပေါ့။ လိုချင်တဲ့ လောဘအကြောင်းရင်း ကြောင့် ကြံစည်စိတ်ကူးတဲ့စိတ်ဖြစ်၊ ထိုစိတ်ကြောင့် သွားလာ လှုပ်ရှား ကိုယ်ကာယအစားစားသော ဝါယောလေအနုစိတ် တွေဖြစ်သည်ကို ဟောဒါပါပဲ၊ ယခုမိမိတို့ ပြုလုပ်ပြောဆို နေ ကြတာတွေ ဒီအတိုင်း ပြုလုပ်ပြောဆိုနေကြတာပဲ။

မိမိခေါ်ဆို ကိုယ်ထဲမှာရှိနေတဲ့ တရားရတနာတွေ ကိုယ်က အမှန်မသိကြလို့၊ မသုံးတတ်ကြလို့ အထင်လွဲမှားနေတာပါပဲ၊ အထင်လွဲမှားတာက ဉာဏ်မရှိကြသေးလို့၊ ငါသူတပါး ယောကျ်ား မိန်းမစတဲ့ ပညတ်ဓမ္မာရုံတွေနဲ့ မကွာမကွဲအစဉ်တွဲ ပြီး ခင်မြဲ ခင်နေကြသေးတာပေါ့။

အဲဒါလောက် ဟောဟာကို နာလိုက်ရတော့ တော်တော် လေး နားလည်သဘောပေါက်လောက်ပါပြီ—အော် ဟေတု- ပစ္စယောဆိုတာ တခြားမဟုတ်ပါပဲလား—အခုသွားလာ လှုပ် ရှားနေတဲ့ အလုပ်တွေပါလား၊ အခုလောကကြီးထဲ လူတွေ လုပ်ကိုင်နေကြတဲ့ အလုပ်တွေကို မြတ်စွာဘုရားက မသိတဲ့သူ တွေ သိအောင်၊ ဒါကလူမဟုတ်ဖူး လောဘ၊ စိတ်ကူးကြံစည် မှု၊ ဒီသွားလာလှုပ်ရှားပြီး လုပ်ကိုင် ဆောင်ရွက်နေကြတာတွေ က လူမဟုတ်ဖူး၊ ရုပ်တရားတွေ အဲဒီတရား ရုပ်နာမ် အစားစားတွေကို မြတ်စွာဘုရားက ကရုဏာထားပြီး ထင်ရှား အောင် ဟောတာကိုးလို့ အားလုံးသိကြပါ၊ သိလျှင် ဤ သာသနာအမွေခံဖြစ်၍ နိဗ္ဗာန်အောင်ပွဲစံရပါပြီ။

ရုပ်နာမ်အစားစားတွေကို တရားဆင်ခြင်တဲ့ သူတော် ကောင်းတွေရဲ့ ဉာဏ်ဝမှာ—ထင်မြင် ပေါက်မြောက်လာလျှင်

www.dhammaransi.com



လူပျောက်သွားပြီး တရားအစဉ် ဉာဏ်အမြင်တွေ မှုချဖြစ်ပြီဟုမှတ်။

ဒီ–ရုပ်နာမ်တရား အစားစားတွေမဆင်ငြင်ပဲ——

လောဘအကြိုက်၊ အလိုလိုက်မှု၊ တပူပူ ထိုသူဆင်းရဲမည်။

ဒေါသအကြိုက်၊ အလိုလိုက်မှု၊ တပူပူ ထိုသူဆင်းရဲမည်။

မောဟအကြိုက်၊ အလိုလိုက်မှု၊ တပူပူ ထိုသူဆင်းရဲမည်။

အခုဆင်းရဲရခြင်း အကြောင်းတရားစုကို စာနဲ့ပေနဲ့ ခန္ဓာကိုယ်တွင်းဖြစ်တာကို နည်းနည်းရိပ်မိ ပြောဟောလို့ပြီးပြီ။

နောက်တဖန် ထင်ထင်ရှားရှား သိလွယ်မြင်လွယ်သွားအောင် သတ္တုတိနိပါတ်။ ကုသဇာတ်တော် ထည့်သွင်းဟောပြရဦးမယ်။ အဲဒီ ဇာတ်တော်ကြီးတခုလုံးကတော့ ရှည်လျားပြီး အများကြီးပေါ့။ ဒါပေမယ့်လို့ ယခုဟောနေတဲ့ ဒေသနာတော် သရုပ်ပေါ်အောင် ထုတ်ဖော်ပြီး အကျဉ်းဟောရမယ်ဆိုလျှင်တော့ ဘုရားအလောင်းတော် ကုသမင်းကြီးမှာ ယူဇနာ (၁၀၀) ဝေးကွာတဲ့ ပပဝတီနေရာ မဒ္ဒရာဇ်တိုင်းသာဂလမြို့သို့ အပင်ပန်း ဆင်းရဲခံပြီး၊ ခရီးကြမ်းကို သွားရှာရတာဟာ ဘာလဲလို့ အကြောင်းရင်းကို ရှာလိုက်ရင်–စာအရက "လောဘဟေတု လောဘသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ လောဘဟေတု ပစ္စယေနပစ္စယော" ပါပဲ။

ယခုဟေတုပစ္စည်း အဘိဓမ္မာပဋ္ဌာန်းတရားတော်ကြီးဟောရာ ဤကုသဇာတ်သုတ္တန်ဝတ္ထုကြောင်း ထည့်သွင်းဟောရခြင်းရဲ့ အကြောင်းရှိပါတယ်။

www.dhammaransi.com



(၁) လွန်ခဲ့သော ရှေးနှစ်ပေါင်း (၇၀) လောက်က ကျေးဇူးတော်ရှင်–လယ်တီဆရာတော်ဘုရားကြီး ဒေသစာရီ တပြည်လုံးလှည့်၍ တရားမိုးကြီး သွန်းဖြိုးရွာချ ဟောစဉ်ကာလက ခေဦးမြို့မှာ ညဉ့်တရားပွဲ ချီးမြှောက်ဟောကြားပါတယ်တဲ့။ အဲဒီတရားပွဲမှာ ဟောတုပစ္စည်း ပဋ္ဌာန်းတရားတော်ကြီး ဟောရာ လူသူအများ နားလည်သွားအောင် လောဘအကြောင်းရင်းခံ၍ ကာယကံ ဝစီကံ မနောကံ ဒုက္ခတွေ အတန်တန် ဘုရားအလောင်းတော် ကုသမင်းကြီး ရောက်ရပုံကို ဟောကြားတော်မူပါသတဲ့၊ အဲဒီတရားနာရသော ဆရာဘုန်းတော်ကြီးထံမှ တဆင့်ကြားသိရ၍ သတိရပြီး ကျေးဇူးဆပ်လိုခြင်းကြောင့်လည်းကောင်း။

(၂) ကျေးဇူးတော်ရှင် မိုးညှင်းဆရာတော်ဘုရားကြီးလဲ ဆရာဖြစ်တော်မူသော လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ကြီးတပါး ဖြစ်သည့်အတိုင်း လောဘကြောင့် ဒုက္ခရောက်ပုံကို ပေါ်လွင်ထင်ရှားစေရန် ဤကုသဇာတ်တော်ကို ထည့်သွင်း ဟောလေ့ရှိသည်ကို ယခုတရားဟောဆဲ ဆရာတော်ဘုရားကိုယ်တိုင် ကြားနာခဲ့ရဖူး၍ ကျေးဇူးဆပ်လိုခြင်းကြောင့်လည်းကောင်း။

၃။ ယခုခေတ် စာညာဏ် အဘိဓမ္မာညာဏ် အားနည်းကြသူများ တရားနာရင်းဖြစ်စေ၊ တခြားတပါးသောအခါဖြစ်စေ ညာဏ်သက်ဝင်၍ ဆင်ခြင်လိုက်က ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊သူ၊ငါတွေပျောက်ပြီး၊တရားသဘောတွေပေါ်ကြပါစေဆိုတဲ့၊ စေတနာဇောကြောင့် လည်းကောင်း ကုသဇာတ် သုတ္တန် ဝတ္ထုထည့်သွင်း ဟောပြခြင်းဖြစ်ကြောင်း သူတော်

www.dhammaransi.com



ကောင်းတို့ သိရှိကြပါစေကြောင်း ရှေးအဟောင်းတွေပါ ဟောခြင်းပါပဲ။

## ကုသလဇာတ်

ဒီဇာတ်ကြောင်း သိသာအောင် ထပ်လောင်း ဟောပြရမည်ဆိုရင်တော့ မြတ်စွာဘုရား အလောင်းတော်–ဘဝနှစ်ဥအခါတုံးကပေါ့လေ၊ မလ္လတိုင်း ကုသဝတီပြည် ဩက္ကာကရာဇ်မင်းကြီး၊ သီဝလိဒေဝီမိဘုရားကြီးကို ထီးနန်းအုပ်ချုပ် မင်းပြုလုပ်ကြတယ်။ ထိုအခါ သားတော် သမီးတော် တယောက်မှ မထွန်းကားရှာကြဖူးတဲ့၊ မထွန်းကားတော့ တိုင်းသူပြည်သား အမြော်အမြင် ကြီးမားသူများက နောင်အရေး ခက်ကြမည့်ဘေးကို တွေးကြည့်ပြီး ဩက္ကာကရာဇ်မင်းကြီးကို သံတော်ဦးတင်ကြပါသတဲ့။ ဘုန်းတော်ကြီးမြတ်တော်မူလှပါသော အရှင်မင်းကြီးဘုရား၊ အရှင်မင်းကြီးတို့မှာ ထီးညွန့်နန်းလျာ မရှိပါသဖြင့် တိုင်းရေးပြည်ရာ နောင်အခါ၌ အခက်ကြုံစရာ ဖြစ်ကုန်မှာကို ကျွန်တော်မျိုးတို့ စိုးရိမ်ကြောင့်ကြ ရှိကြတဲ့အရေးကြောင့် သားတော်ကလေးများ ရအောင် ကြံဆောင်တော်မူကြပါဦး–ဘုရား'' လို့ တိုင်ပင် ညီညွတ် သံတော်ဦးတင် လျှောက်ထားချက်ကြောင့် ဘုရင်မင်းမြတ်ကြီးက တိုင်းသူပြည်သား လူအများရဲ့ အလိုဆန္ဒပြည့်ဝစေရန် မိဖုရားကြီးနဲ့ တိုင်ပင်နှီးနှော ပြောဆိုသည်မှာ သင်မိဖုရားကြီး တိုင်းသူ ပြည်သားလူအများက ဤသို့ ဤပုံ ငါတို့ကို ပြောကုန်ကြပြီ၊

www.dhammaransi.com



ဒါကြောင့် သင်မိဖုရားကြီး သားဆုများရအောင် သီလများ ဥပုသ်သီတင်းများ ဆောက်တည်ပြီးလျှင် သားဆုများ တောင်းပေတော့လို့ မိန့်တော်မူလိုက်တော့ သီဝလိဒေဝီ မိဖုရားကြီးကလဲ အမိန့်တော်အတိုင်း သီလဥပုသ်သီတင်းများ ဆောက်တည်ပြီး သားဆုတောင်းရှာပါရော့၊ အဲဒီအခါမှာ သိကြားမင်း၏ နေရာပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်းမာလာ၍ ဘယ်အခြင်းအရာပါလဲဟု သိရန် ကြည့်လိုက်တော့ သြက္ကာကရာဇ်မင်းကြီး၏ မိဖုရားကြီးက သားဆုများရလိုလို့ တောင်းဆုဆိုတာကို မြင်တယ်ဆိုကိုး ဘုန်းကံနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဖြစ်တော့ ငါလဲကူညီမည်ဆိုပြီး ဆင်းရဲသား ပုဏ္ဏား အိုယောင်ဆောင်ပြီး တောင်ဝှေးကြီး ထောက်လို့ ဒေါက် ဒေါက်နှင့် လူကြားသူကြားထဲ လျှောက်လာတော့ မင်းပရိသတ်တွေက အို...ဒီအဘိုးကြီး ဒီလိုနေရာ ဘာလာလုပ်တာ ဗုန်းပေါ့ စိတ်ထဲက ဖြစ်ကြသတဲ့ သိကြားရဲ့ဘုန်းတန်ခိုးနဲ့ ဆိုတော့ မည်သူမျှမပြောဝံ့မကပ်ဝံ့ကြ၊ အသင်အိုတာ အိုတာပဲ ဘုန်းတန်ခိုး နတ်တန်ခိုးကကြီးမြပ၊ မိဖုရားကြီးလဲ နန်းတော်ပေါ်က ဆင်းလာတော့ ပုဏ္ဏားအိုက လက်ကို သွားဆွဲတယ်တဲ့၊

ဒီအခါမှာ ဘုရင်ကြီးရော တိုင်းသူပြည်သားမှူးမတ်များပါ မြင်ပါလျက် မည်သူကမှ မပြောဝံ့ဘူး၊ ဘာတခွန်းမျှ မဟကြဘူးတဲ့၊ ငေးမောကြည့်နေကြသတဲ့၊ ဟိုက ပုဏ္ဏားအိုယောင် ဆောင်လာတဲ့ သိကြားမင်းကိုး၊ အဲဒါနဲ့ ပုဏ္ဏားအိုက မိဖုရားကြီး လက်ဆွဲပြီး မြို့ရှေ့တံခါးခေါ်သွား အိမ်ကလေး တခု နတ်ဘန်ခိုးနဲ့ ဖန်ဆင်း တဲအိမ်ကလေးဆိုပါတော့၊ မိဖုရား

www.dhammaransi.com



ကြီးက အဲဒီအိမ်မြင်တော့ ဒါက သင်ပုဏ္ဏားကြီးအိမ်လားလို့ မေးတော့ ပုဏ္ဏားက ဟုတ်တယ်လို့ဖြေတယ်တဲ့၊ အဲဒီအိမ်မှာ သိကြားမင်းက မိဖုရားကြီးကို လက်နဲ့ သုံးသပ်လိုက်တော့ နတ်ငွေ့နဲ့ မေ့သွားတဲ့အချိန်မှာ တာဝတိံသာနတ်ပြည်ခေါ် သွားသတဲ့၊ တာဝတိံသာ ရောက်တော့ ၇ရက်ကြာသွား သတဲ့၊ လူတို့အရေအတွက်နဲ့ပေါ့၊ နတ်သက်နဲ့တော့ ခဏလေး ပေါ့။ အဲဒီ တာဝတိံသာနတ်ပြည်ရောက်တဲ့ လူသားတွေ မှာ ဂုတ္တိလစောင်းဆရာကြီး၊ နေမိမင်းကြီး၊ သာဓိနမင်းကြီးနဲ့ အမျိုးသမီးထဲက အခုပြောနေတဲ့ သီဝလိဒေဝီ မိဖုရားကြီး များပေါ့။

အဲဒီ မိဖုရားကြီး (၇)ရက်ရောက်တော့ နတ်ငွေ့ပျောက်ပြီး အိပ်ရာကနိုးသလို သိလာတော့ ဩော်...ငါ ဘယ်နေရာရောက် လာပါလိမ့်၊ ဘယ်စခန်းရောက်နေပါလိမ့်နဲ့ မေးမြန်းစုံစမ်း တော့၊ သိကြားမင်းကြီးက အသင်မိဖုရားကြီး အခု သင် တာဝတိံသာနတ်ပြည် ရောက်နေပြီ၊ သင်သားဆုလိုချင်လို့ သားဆုတောင်းပြီး နန်းတော်ပေါ်က ဆင်းလာတော့ ငါ ပုဏ္ဏားအိုယောင်ဆောင်ပြီး သင့်ကို ခေါ်လာတာပဲ။ အဲဒီ တော့ သင့်ကို သားဆု( ၂ ) ယောက်ပေးမယ်၊ တယောက်က အရုပ်ဆိုး ပညာတတ်တယ်၊ တယောက်က ရုပ်ချော ပညာ မတတ် ဘယ်သားလိုချင်လဲမေးရာ ( ၂ ) ယောက်လုံးပဲ အလိုရှိကြောင်းပြောလို့ ( ၂ )ယောက်လုံး သားဆုပေးလိုက် တယ်တဲ့။ အကြီးဖြစ်တဲ့ဘုရားလောင်း ကုသကား အရုပ်ဆိုး ပညာတတ်တယ်၊ ညီတော်က ရုပ်ချော ပညာမတတ်ဘူးတဲ့၊

www.dhammaransi.com



ဘုရားအလောင်းတော်အဲဒီဘဝမှာ အရုပ်ဆိုးရတာက ရှေးဘဝက ဒေါသရှေ့ထားပြီး ဒါနပြုခဲ့မိရှာလို့တဲ့၊ ဒါကြောင့် ရှေးက ဆရာတော်များ မိန့်ဆော်မှုခဲ့ကြတဲ့ –

လောဘအကျိုးကား ပစ္စည်းရှား၏၊
ဒေါသအကျိုးကား အရုပ်ဆိုးငါး၏၊
မောဟအကျိုးကား အမျိုးယုတ်၏ –”

ဆိုတဲ့ကရားများ ဂွဲဂွဲမြဲမြဲမှတ်ထားကြ။

ဘုရားအလောင်းတော် ကုသမင်းရဲ့ဒေါသအကျိုး အရုပ်ဆိုးတဲ့အကြောင်း သိအောင် ပြောရဦးမယ်ဆိုယင် တခုသော ဘဝမှာ ဘုရားအလောင်းကုသမင်းကြီး၏ အလောင်းသည် ဗာရာဏသီအနီး ရွာကြီးတရွာမှာ နောင်တော်နှင့်အတူ နေကြတယ်၊ နောင်တော်မှာ အိမ်ထောင်သည် ဇနီးရှိတယ်၊ မရှိးရော အစ်ကိုရော ညီရောအတူနေ အတူလုပ် အတူစားနေကြတယ်၊ တနေ့မှာ ကုသအလောင်းညီငယ် တောသို့ သွား အလုပ်လုပ်နေခိုက် မုန့်တွေ ကြော်ကြ၊ မုန့်ကြော်ပြီးတော့ ဒါဘယ်သူ့ဖို့၊ ဒါဘယ်သူ့ဖို့နဲ့။ ဝေခွမ်းပြီး ညီငယ်ရဲ့ဝေစုကို ချန်ထားပြီး ကျန်တဲ့မုန့်ကြော်ကို သူတို့ဇနီးမောင်နှံဝေစား နေခိုက် ပစ္စေကဗုဒ္ဓါတပါး ဆွမ်းခံကြွလာတော့ မရီးက ငါ၏ မတ်အတွက် မုန့်အသစ်ကြော်ပေးမည်ကြံပြီး ထိုမတ်၏ဝေစု မုန့်ကို လှူလိုက်၏၊ ပစ္စေကဗုဒ္ဓါအရှင်ပြန်ကြွသွားလို့ မကြာမီ ပင် မတ်ကရောက်တော့ မရီးကပြောပြတာပေါ့၊ ငါ့မတ်အတွက် ဝေစုရတဲ့ မုန့်ကြော်တွေပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါးကြွ လာတာနဲ့ ငါ လောင်းလှူလိုက်တယ်၊ မင်းအတွက် ပြန်ပြီး

www.dhammaransi.com



ကြော်ပေးမါမယ် ပြောပြတော့ ကုသမင်းအလောင်းတော် မတ်က မကြည်ဖြူနိုင်ရှာပဲ၊ သူတို့ဝေစုတော့စားပြီး ငါ့ဖို့ မုန့်တော့ လှူလိုက်ကြသလားနဲ့ မကျေမနပ်ဖြစ် စိတ်ဆိုး အမျက်ထွက်ပြီး ပစ္စေကဗုဒ္ဓါနောက်လိုက် သပိတ်ထဲက မုန့်တွေ ပြန်ယူပါလေရော၊ မရိုးလုပ်သူကလဲ သူ့ခေါင်းအိမ်က ထောပတ် ယူပြီးပြန်အလာနဲ့ အဲဒီလို ယူနေတာမြင်တော့ ဟာ တယ် မိုက်တဲ့လူပါလားနဲ့၊ မတ်ကို စိတ်နာလျက် လတ်လတ် ဆတ်ဆတ်အရောင်ထွက်နေတဲ့ ထောပတ်တို ကြည့်ပြီး—

အရှင်မြတ်ဘုရားအား ဤအရောင်အဆင်းနဲ့ ပြည့်စုံသော ထောပတ်ကို လှူဒါန်းပါ၏ဘုရား ဤကုသိုလ်ကြောင့် တပည့်တော်မဖြစ်လေရာဘဝမှာ ကိုယ်မှ အရောင်ထွက်၍ မြတ်သောအဆင်းနှင့်ပြည့်စုံရပါလို၏ ဤ သူယုတ်မာနဲ့လဲ ယူဇနာ(၁၀၀)ဝေးတဲ့ ဟရပ်တကျေးမှာ ဖြစ်ရပါလို၏လို့ ဆုတောင်းလိုက်သတဲ့၊ ဤသို့ ဆုတောင်းတာ ကုသ အလောင်းတော်က ကြားတော့ သတိရပြီး မိမိလက်ထဲက မုန့်ကို အဲဒီထောပတ်ပေါ်မှာတင်ပြီး တဖန် လှူပြန်သတဲ့၊ လှူပြီးမှ အရှင်ဘုရားဤမုန့်ကို ပြန်ပြီး လှူရတဲ့ ကုသိုလ်ကြောင့် တပည့်တော်၏ မရိုးမသည် ယူဇနာ (၁၀၀) ဝေးသော အရပ်၌ ဖြစ်သော်လည်း တပည့်တော်၏ အလုပ်အကျွေးမိန်းမအဖြစ်ဖြင့် ထိုအမျိုးသမီးကို ရအောင်ဆောင်ယူနိုင်ရပါစေသတည်း—

လို့ဆုတောင်းပြန်သတဲ့။ ဆုတောင်းပြီး အဲဒီ ဒေါသက ရှေ့သွားပြုကားခဲ့တဲ့ ကုသိုလ်ကံကြောင့် ဒီ ကုသမင်းဘဝမှာ ရုပ်ဆိုးရတာပေါ့၊ တရားနာပရိသတ်အပေါင်းတို့ ရှေးဘဝ

www.dhammaransi.com



တခဲ့ပစ္စေကဗုဒ္ဓါကို တွေ့ကြ၍ ထောပတ်နှင့် မုန့်များ လှူဒါန်းကြရာမှာ ပပဝတီနှင့် ကုသမင်းကြီးတို့သည် ဆု တောင်းမတဲ့အတန်ငယ်ရှဲ့ကြ၍ ကာသိလင်တဒုက္ခအထွေထွေ ဖြစ်ကြလေ၏ဟု လယ်တီဆရာတော်ဘုရားကြီးလဲရေး၏။

ကံကြမ္မာဆိုတာက ဘုရား သံဃာ သိကြားဗြဟ္မာတို့လဲ တားမြစ်နိုင်တာမဟုတ်ဘူး၊ ကိုယ်ပြုတဲ့ ကံအတိုင်း ဖြစ်ကြ ရတယ်၊ ဒေါသကြီးခဲ့ယင် အရုပ်ဆိုးဝါးပြီး လောဘကြီးက မွဲသွားလိမ့်မယ် မောဟကြီးခဲ့ယင် ဒွန်းစဏ္ဍားသူတောင်းစား၊ မုဆိုးတံငါ အညစ်ကြေးစွန့်တဲ့ ဟီနကုလယုတ်မာသော ဘဝ တွေမှာဖြစ်ကြရလိမ့်မည်။

ဒေါသအကျိုး အရုပ်ဆိုး၏ဆိုတာကို အခုထင်ရှား ပေါ် စေချင်လို့ပြောတာ၊ နားလည်သဘောပေါက်ကြရောပေါ့။

ဂါဲ ပဋ္ဌမဇာတ်တော် ဆက်ဟောကြရအောင် သိကြား မင်းကြီးက သွားဆုပေးပြီး သီလဝတီမိဖုရားကြီး လူ့ပြည်ပြန် ခါနီး လှူသူအများယုံကြည်ရအောင် နတ်လက်ဆောင်အဖြစ်နဲ့ နတ်ပြည်က သမန်းမြက်၊ စန္ဒကူး၊ နတ်ပုဆိုး၊ ကောကနဒနတ် စောင်း အဲဒီပစ္စည်းတွေ ပေးပြီး မိဖုရားကြီးနေရာအသရေရှိ တိုက်ခန်းမှာ နတ်တန်ခိုးနဲ့သွားတဲ့ပြီး သိပ်လိုက်တယ်တဲ့ သိပ် လိုက်ပြီးတော့ သိကြားမင်းလဲနတ်ပြည်ပြန်ရော မိဖုရားကြီးလဲ အိပ်ယာက နိုးလာပါရော။ ငါဘယ်လိုဖြစ်တာဘာလိမ့် မယ်လဲလို့ သူ့စိတ်ထဲသုံးပြန်ပြီးစဉ်းစားတော့ သိကြားမင်းခေါ် သွားကြောင်း သတိပြန်ရလာတယ် ဘုရင်မင်းမြတ်ကြီးက သူပြန်လာတာတွေတော့ အသင်ခုဘယ်က ပြန်လာတာလဲ

www.dhammaransi.com



မေးတော့၊ ကျွန်ုပ်တာဝတိံသာက ပြန်လာတယ်လို့ ဖြေတယ်၊ ဘုရင်ကြီးက မယုံဘူး၊ သင့်ကို ခေါ်သွားတဲ့သူကို ငါနန်းတော်ပေါ် ကမြင်လိုက်ပါတယ်၊ ပုဏ္ဏားအိုကြီးပါ လိမ်မပြောပါနဲ့ မိဖုရားကြီးပေါ့၊ဘုရင်ကြီးက မယုံလို့ပြောတယ်။ပုဏ္ဏားမဟုတ်ပါအရှင်မင်းကြီး၊ သိကြားမင်းမှ သိကြားအစစ်ပါ။ အရှင်မင်းကြီး ယုံကြည်ပါတော့၊ ဟောဒီမှာ သိကြား ပေးလိုက်တဲ့ လက်ဆောင် နတ်ပုဆိုး၊ ဟောဒီမှာစန္ဒကူး၊ ဟောဒါကသမန်းမြက်၊ ဟောဒီက ကောကနုဒနတ်စောင်းပါ လို့ပြတယ်ပြောတယ်၊ အရှင်မင်းကြီး ကျွန်ုပ်မှာ ပဋိသန္ဓေကိုယ်ဝန်ရလာပြီ၊ သိကြားမင်း ပေးတဲ့သားဆုများရခဲ့ပြီ၊ အဲဒီလိုပြောတော့မှ ယုံကြည်ဝမ်းမြောက်တော်မူပြီး ကောင်းစွာပြုစုစောင့်ရှောက်ထားတယ်တဲ့။ ကိုးလလွန်မြောက်ဆယ်လရောက်လို့ ဖွားချိန်တန်တော့ သားတော်တပါး ဖွားမြောက်လာရာ သိကြားမင်း ပေးတဲ့သမန်းမြက်အစွဲပြုပြီး "ကုသ" ဟု အမည်တော်များ ပေးသနားတယ်တဲ့။(ကုသ–ဆိုတာပါဠိ၊ မြန်မာလိုက–သမန်းမြက်ပေါ့) နောက်သားတော်တပါး ဖွားမြင်တဲ့အခါမှာတော့ ဇယမ္ပတိမင်းသားလို့ အမည်ပေးတယ်။

နောင်တော်ကုသမင်းသားက (၁၆) နှစ်အရွယ်ရောက်တော့ အရုပ်ဆိုးပေမယ်လို့ ပညာမှာကတော့ မသင်ပဲအကုန်တတ်ပြီး ဘုန်းပညာကြီးမားတယ်။ခမည်းတော်ဩက္ကာကရာဇ်မင်းကြီးက သားတော်ကြီးအရွယ်ရောက်တော့ ထီးနန်းအပ်နှင်းရန် ကြင်ယာတော်ရှာဖို့ မိဖုရားကြီးနဲ့ တိုင်ပင်တယ်၊ တိုင်ပင်ပြီးတဲ့အခါကျတော့ သီဝလီမိဖုရားကြီးက သားတော်

www.dhammaransi.com



ကိုခေါ် ပြောတယ်။ သားတော်ကြီး ခမည်းတော်မင်းကြီးက ကြင်ယာတော်များ ရှာရမယ်၊ ထီးတော် နန်းတော်အပ်ချင် တယ် အမိန့်ချတယ်=သားတော်ကြီး ဘယ်လိုသဘောရသလဲ ဆိုတော့၊ သူ့ရဲ့စိတ်ကူးကြံစည်ချက်အတိုင်း—

သားတော်မှာ ရုပ်ဆင်း အင်မတန်ဆိုးဝါးပါတယ်၊ သားတော်နှင့် ကြင်ယာဖက် အမျိုးသမီးဟာ သား တော်ကို မြင်လျှင် ထွက်ပြေးတိမ်းရှောင်သွားပါလိမ့် မယ်၊ အဲဒီလိုဖြစ်ပြီး သားတော် အရှက်ရမည်စိုးတဲ့ အတွက်ကြောင့်၊ အိမ်ထောင်မပြုတော့ပဲ ခမည်း တော်မယ်တော်တို့ကိုသာ လုပ်ကျွေးနေပါရစေ။ မိဘ နှစ်ပါး နတ်ရွာလားပြီးနောက်တော့ သားတော် တောထွက်ပြီး ရသေ့ရဟန်းပြုကာ တရားအားထုတ် နေပါမည်—

လို့ပြန်ကြားလျှောက်ထားလိုက်တယ်။

ခမည်းတော်မယ်တော်တွေမကျေမနပ်ဖြစ်၊ ဒုတိယအကြိမ် ပြော။ တတိယအကြိမ် ပြော၊ ရှေးကလိုပဲ ပြန်ပြော၊ မကျေ နပ်၊ စတုတ္ထအကြိမ်ကျတော့ မိဘစကားကိုမပယ်လိုတာနဲ့ ဥပါယ်တံမျဉ်ဖြင့် ပြောပြန်တယ် ဒီနေရာမှာ—

မိဘစကား နားထောင်သားကား ငါးပါးရန်သူ တွေ့

ကြုံမူလဲ မညှဉ်းမဆဲ မဆင်းရဲတည်း –

ဆိုတဲ့ လင်္ကာလေး ရအောင်ကျက်မှတ်ထားကြ၊ မိဘ စကား နားထောင်တဲ့ သားသမီးများဟာ ရန်သူမျိုးငါးပါးနဲ့

www.dhammaransi.com



မတွေ့ရဘူး၊ တွေ့သော်လဲ ညှဉ်းဆဲမခံရဘူး၊ မဆင်းရဲရဘူး အမျှားကချစ်ခင်ပြီး လူလိမ္မာကလေးဟုချီးကျူးကြ—သမုတ်ကြတယ် အဲဒါမှတ်ထားကြပါ။ မိဘစကားလိုက်နာကြပါ။

ဥပါယ်တံမျဉ်ဖြင့် ဘယ်လိုပြုသလဲဆိုရင်—လူမကနတ်တမျှ အလွန်လှပသော ဋ္ဌေရုပ်အမျိုးသမီးပုံ ဟာခုကိုကိုယ်တိုင်ပြုလုပ်ပြီး၊ ခမည်းတော် မယ်တော်ကြီးများအား ပြောပြတယ်၊ ဟောဒီရွှေရုပ်နဲ့တူတဲ့ အမျိုးသမီးကိုရမည်ဆိုလျှင် သားတော်ကြင်ယာ ဇနီးအဖြစ် လက်ထပ်မည်ဖြစ်ကြောင်း လျှောက်ပြန်လေ၏။

အဲဒါနဲ့ ခမည်းတော် မယ်တော်တို့လည်း မှူးမတ်တို့အား ရွှေရုပ်ကိုထမ်းစေပြီးလျှင် ဟိုတိုင်းပြည် ဒီတိုင်းပြည်လှည့်လည်စေ၍ ရွှေရုပ်နှင့်တူတဲ့ အမျိုးသမီးကိုရှာစေ၏။ တွေ့လျှင် ရွှေရုပ်ကိုပေးခဲ့၍ ထိမ်းမြားမည့်နေ့ရက်ကိုလဲ ချိန်းချက်ခဲ့ရန် မှာလိုက်၏။ အတိုအကျဉ်းလိုရင်းဟောရင် မှူးမတ်တို့လဲ လှည့်လည်ရှာလိုက်ကြတာ မဒ္ဒရဇ်တိုင်း သာဂလမြို့ရောက်ခါ ကျတော့မှ မဒ္ဒရဇ်မင်းရဲ့သမီး ရွှေရုပ်နဲ့ဆင်ဆင်တူတဲ့ပဘဝတီမင်းသမီးကိုတွေ့ကြတယ်၊ ပဘဝတီဟာ လူမက နတ်တမျှလှပချောမောပြီး ထွန်းလင်းတောက်ပတဲ့ ကိုယ်အရောင်ကလဲ လေးတောင်ရှိတဲ့တိုက်ခန်းမှာ မီးမထွန်းပဲလင်းသတဲ့၊ ပဘဝတီရဲ့အထိန်းတော်က ခုဇ္ဇာအမည်ရှိသတဲ့ဉ်တွင်ပထမရက် တရားရပ်နားလိုက်၏။

ယနေ့တော့ သကြံန်အကြတ်နေ့ပါပဲ မနေ့ကတရားနှင့်ဆက်ပြီးဟောပါမည်၊ သကြံန်ရက်မှာ အကျရယ်—အကြတ်

www.dhammaransi.com



ရယ်–အတက်ရယ်လို့ (၃) ရက်ဟောရမြဲမှာ မနက်ဖြန်ကျတော့ သကြန်အတက်နေ့၊ ဟိုဘက်နှစ်ရောက်တော့ ထင်ရှားတဲ့ မှတ်တိုင်ကြီးတခုကျော်သွားပြီ၊ အချိုလည်းဒီမှတ်တိုင်အတွင်းသေရစ်ကြပြီ၊ အခု ( ၄၄ ) ခုနှစ်မှတ်တိုင်ကြီးမှာ ဒီပုဂ္ဂိုလ်တွေ ဆုံးအောင်နေရလျှင်လည်း ဆုံးအောင်နေရမှာပေါ့လေ၊ မနေရလည်း တဝက်တပျက်နဲ့ ကျန်ရစ်တဲ့လူကျန်ရစ်မှာပေါ့လေ၊အဲဒါကြောင့်မမြဲတဲ့ သဘောကြီး တွေးတွေးပြီး ပထမဟောခဲ့သလိုပဲ၊ တခြားသောအရေးထက် အရေးကြီးတာက အပါယ်ဘေးကြီး သံသရာဘေးကြီး ကြောက်ဖို့ရာ အရေးကြီးတယ်၊မကြောက်လျှင် ဒီတရား ဘယ်လောက်အဖိုးတန်စာယ်ပြောပြော မလုပ်ဘူး မကျင့်ဘူး ကြောက်လန့်မှအားထုတ်မှာပဲ ဆေးစားတဲ့သဘောလိုပဲ ဆေးစားတဲ့သူနာသည် ဆေးဆရာကဘယ်လောက်ပဲ ချော့မော့ပြောပြောရောဂါရှင်က ဒီရောဂါကို ပျောက်ချင်မှ ဆေးသောက်မှာ၊ အဲဒီတော့ အရေးကြီးတာက ကြောက်ဖို့ရာ ပထမအရေးကြီးတယ်၊ထိတ်လန့်ဖို့ရာနှင့် သံဝေဂဖြစ်ဖို့ရာပေါ့လေ၊ အဲဒီသံဝေဂဖြစ်ဖို့ရာကလည်း အစရက်က ပဋ္ဌာန်းဟောစဉ်ထဲမှာထည့်ပြီးဟောသွားတာပဲ၊ ဘာတွေပါလဲဆိုလျှင်—

ယုံ၊ ငါး၊ ကြွက်၊ ဖား၊ သမင်များ ပျော်ပါးနေကြရှာ အဲဒါတွေ ဒီအထဲပါပြီးသား ယုံ ဥပမာ၊ ငါး ဥပမာ၊ ကြွက်ဥပမာ၊ဖားဥပမာ၊သမင်ဥပမာ အဲဒါတွေက တိရစ္ဆာန်ဖြစ်လို့-

ရန်သူအနား သေမည်ကား လားလားမသိရှာ ဟောခဲ့တဲ့ ဥပမာပါပဲ၊ သူခမျာများ တိရစ္ဆာန်ဆိုတော့ မသိရှာကြဘူး၊ မသိလို့လဲပဲ မုဆိုးရှေ့မှာ ကိုးယို့ကားယားနဲ့ ပြေးလွှားပျော်မြူး

www.dhammaransi.com



တာ ငါးကလည်း ပိုက်ကွန်ထဲမှာ လောက်လက်လောက်လက်နဲ့ ပြေးလွှားနေတယ်။ ကြွက်ကလဲ ကြောင်အနားမှာ အငြိမ်မနေ ပျော်ရွှင် ပြေးလွှားနေတယ်၊ ဖားကလဲ မြွေအနားမှာ မကြောက်ဘူး၊ သမင်ကလဲပဲ ခြင်္သေ့နားမှာ မကြောက်ဘူး သေဘေးမမြင် ပျော်ရွှင်နေတာတွေဟာ ဥပမာတွေပဲ၊ သူ့ ခမျာမျှား မကြွာခင်သေရမှာ မသိရှာကြဘူး အဲဒီဥပမာတွေ နည်းယူပြီး လူသားစင်စစ်ဖြစ်တဲ့ငါတို့လဲပဲ သေမင်းခံတွင်းနား ကပ်နေတာပါလား၊ သေမင်းနှင့် တနေ့တခြား အင်မတန် နီးကပ်နေပေပြီ၊ နီးကပ်နေသည့်အတွက် ဘဝအဆက်ဆက် ကိုယ်ချမ်းသာမည့် ကုသိုလ်ကိုတော့ သွားရင်း လာရင်း နေ ရင်း ထိုင်ရင်းနဲ့ မပြတ်မလတ်ပဲနဲ့လုပ်မှုပဲဟု သိဖို့ရာအရေးကြီး ဒါပါပဲ၊ အပါယ်ဘေး သံသရာဘေးကြီးကြောက်ဖို့ရာ အရေး ကြီးတာပဲ၊ အားထုတ်ရန်တရားကတော့ မခက်ဘူးလားဆို လျှင် တရားကတော့ အခုပြော အခုကြားတယ် သိတယ် ကြောက်ဖို့ရာကတော့ အခုပြောသို့ အခုမကြောက်ဘူး အဲဒါ ခက်တာပဲ၊ ဒါကြောင့် မြတ်စွာဘုရားသည် သံဝေဂတရားကို များများဟောလေ့ရှိတယ်။

သံဝေဂေါ ပဒဟာဘိ ပဒဟန္တော နာမကာယေန
ပရမတ္ထသစ္စံ သစ္ဆိကရောတိ၊ ပညာယ စ ပဋိဝိဇ္ဈတိ၊

အဟုတ်ကြောက်လို့အဟုတ် တရားကိုအဟုတ်အားထုတ်ရှု လျှင် နာမ်တရား ဉာဏ်တရားတို့ဖြင့် ဆိုက်ရောက်အသိပေါက် တာပါပဲ၊

www.dhammaransi.com



သံဝေဂဆိုတာ ကြောက်ဖို့ရာဟောတာ ကိုယ်လည်း အတူတူ သူလည်းအတူတူ များသောအားဖြင့် အကြောက် နည်းကြတယ်။

သံဝေဂဖြစ်သူ နည်းတယ်၊ ဒါကြောင့်မို့ ဒီတရားထဲမှာ အဓိကထားပြီး သံဝေဂတရား ဟောပါတယ်၊ ယုံများ-ငါးများ-ကြွက်များ-ဖားများ-သမင်များတို့ဟာ သူရန်သူ ရှေ့မှာ မကြောက်ပဲနဲ့ ပျော်ပါးနေတဲ့သဘောမျိုးလို၊ သတ္တဝါတွေ သည် ရန်သူငါးထမ်း နောက်ကဖမ်း သေငြမ်းထက်ကြပ်ပါနေ တာကို မသိလို့ ပျော်ရွှင်နေကြတယ်၊ ကုသိုလ်ကောင်းမှုကို မပြုပဲ မေ့နေကြတယ်၊ တသှလှ-တသသ တကြွကြွနဲ့ သေအေး ကို နည်းနည်းမှ မအောက်မေ့ပဲနဲ့ ပျော်ပျော်ရွှင်ရွှင်နဲ့ မေ့မေ့ လျော့လျော့ နေကြတာတွေ ဤသို့ မနေသင့်တဲ့အကြောင်း၊ မနေထိုက်တဲ့အကြောင်းအဲဒါကို ဟောပြတာပဲ၊ အဲဒါ လိုရင်း အဓိကပဲ၊ ဒီပြင် တရားပြဖို့ရာက မခက်ခဲလှပါဘူး၊ ကဲ....တရား ဆက်ဟောကြ နာကြရန်က—

ဟေတုပစ္စယောတိ ပါဠိအရ ကောက်ပြရင် ဟေတုက ဟိတ် ၆-ပါးတရား၊ ဟေတု သမ္ပယုတ္တကာနံ မမှာနံက စိတ် စေတသိက်တရား၊ တံသမုဋ္ဌာနာနဉ္စရူပါနံက ထိုစိတ်ကြောင့် ဖြစ်တဲ့ ပဝတ္တိရုပ်တရား ပေါင်းလိုက်လို့ရှိယင် (၃)ပါးရှိတာပဲ၊ ပဋိသန္ဓေကမ္မဇရုပ်က တရားရှုရာ၌ လိုရင်းမဟုတ်ပါ၊ ဘုရား ဟောဖော် ထို ပဋ္ဌာန်းပါဠိတော်မြတ်ကြီးကို အထပ်ထပ် ဟောနိုင် နာနိုင်မှ တော်ရုံကြတာ။

www.dhammaransi.com



ဟေတုအရကား လောဘဟိတ်-ဒေါသဟိတ်-မောဟဟိတ် အလောဘဟိတ်-အဒေါသဟိတ်-အမောဟဟိတ် ပေါင်း (၆)ပါးရတယ် မှတ်ထား၊ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ.... ဤအရကား စိတ်နှင့် စေတသိက်တရားကို ရတယ်။

တံသမုဋ္ဌာနာနဉ္စ ရူပါနံ....အရကား လောကနှင့်တွဲပြီး ထင်ရှားသိသာရန် ပြောသော်—ဒုစရိုက် (၁၀)ပါး၊ သုစရိုက် (၁၀)ပါး၊ ကိုယ်နှင့်ပြုနှုတ်နှင့်ပြောတဲ့ ရုပ်တရားတွေရတယ်၊ ဒီတရားတွေ ရတာပါပဲ၊ သမ္မုတိသစ္စာနှင့် ပြောရလျှင် ဒီလူတွေပါပဲ၊ ဒီလူတွေက အထင်မှားလို့ မြတ်စွာဘုရားက ဟောရတာ ကြားဘူးတဲ့ ပုံတိုလေးတခုက လောကမှာ ကြွက် တစ္ဆေတွေဆိုတာ လူယောင်ဆောင်ပြီး ရုပ်သေးပွဲတွေ လုပ်ပြကြတယ်၊ ဆိုင်းတွေဗုံတွေနဲ့ မီးတွေနဲ့ မင်းသား မင်းသမီးတွေနဲ့၊ ရုပ်သေးစင်တွေနဲ့၊ စည်စည်ကားကားနှင့် လူယောင်ဆောင်ပြီးတော့ ကြွက်တစ္ဆေတွေက ပွဲပြကြတယ်၊ လူတယောက်က ပွဲလမ်းသဘင်၊ အပျော်အရွှင်တပ်မက်ပြီး သူ့ခမျာမှာ ပွဲလမ်းသဘင် အဟုတ်ထင်၍ သွားကြည့်တယ်၊ တညလုံးကြည့်တာ မင်းသားတွေလည်း မြင်ရ မင်းသမီးတွေလည်း မြင်ရ၊ ဆင်ရုပ်တွေ မြင်းရုပ်တွေလည်း မြင်ရ၊ ရုပ်သေးစင်လည်း မြင်ရ၊ ဇာတ်လမ်း ဇာတ်ထုတ်တွေလည်း ကြားရ၊ နံနက် မိုးလင်းတော့ ချုံထဲ သူတယောက်ထဲ ကျန်ရစ်တယ်၊ ကြွက်တစ္ဆေခြောက်တာနှင့် တွေ့တာကိုး၊ ဒါ ကြားဘူးလို့ သတိရပြီးပြောတာပါ၊ စာထဲမှာတော့ ဂန္ဓဗ္ဗ-နဂရလို့ ပါတယ်၊ ထို့အတူ တရားမမြင်ခင်မှာတော့ အထင်မှားကြတယ်၊ တရားအားထုတ်လို့ မြင်လာက သမ္မုတိပညတ်

www.dhammaransi.com



တွေ အကုန်ပျောက်သွားတာပဲ၊ အဲဒီ ကြွက်တစ္ဆေ ခြောက်တာကို တကယ်အဟုတ်ထင်ပြီး ရှပ်သေးသွားကြည့်တဲ့သူဟာ နံ့နက်လင်းတော့ ငုတ်တုတ်ကြီး ချုံထဲမှာ သူတယောက်ထဲ ထိုင်လျက်နေတယ်၊ ဒီပြင်ဟာတွေ အကုန်ပျောက်ကွယ်သွားသည်။

အဲဒီလိုပါပဲ အခုလဲ လူ နတ် ဗြဟ္မာ သတ္တဝါတွေဆိုတဲ့ အကောင်အထည် ဒြပ် ပညတ်တွေလဲပဲ တရားကိုမြင်တော့ ကွယ်ပျောက်ပုံကို ကြွက်တစ္ဆေခြောက်တာနှင့် စပ်မိလို့ ထည့်ပြီး ဟောတာပါပဲ၊ စာထဲလာတာကတော့ ကြွက်တစ္ဆေနဲ့ မလာဘူး၊ ဂန္ဓဗ္ဗနတ်တွေနဲ့ လာတယ်၊ ဂန္ဓဗ္ဗနတ်တွေက ပျင်းလို့ရှိလျှင် စိတ်ကူးနှင့်ဖန်ဆင်းပြီးတော့ မြို့တွေ အိမ်တွေ တိုက်တွေ လမ်းတွေ ပန်းတွေ စသည်တို့ကို တန်ခိုးနဲ့ သူတို့စိတ်ကူးအတိုင်း ဖန်ဆင်းကြတယ်၊ အဲဒါတွေနဲ့သွားလာပျော်ရွှင်ပြီး တော်တော်မောတော့ ဒါတွေဟာ ပျောက်သွားတယ်၊ သူတို့စိတ်ကူးတဲ့ အတိုင်း ဖန်ဆင်းလိုက်လျှင် ဖြစ်လာ၊ ဖန်ဆင်းလိုက်လျှင် ဖြစ်လာတော့ ကစားကြ မြူးတူးပျော်ပါးကြပြီးတော့ ဒါတွေဟာ နောက်ကျတော့ ပျောက်သွားတယ်၊ သူချည်းပဲ ကျန်ရစ်တော့တယ်။

အဲဒါလိုပဲ ဂန္ဓဗ္ဗနတ်တွေ ကစားတဲ့မြို့လိုပဲ အခုလဲပဲလူ့ ပြည် လူ့ဘာဝ၊ နတ်ပြည်နတ်ဘာဝ၊ ဗြဟ္မာပြည် ဗြဟ္မာဘာဝဆိုတာ ဝိပဿနာဉာဏ်အမြင် မရောက်ခင်ပဲ ထင်ရတာပါ၊ ဉာဏ်အမြင် ရောက်တော့ ရုပ်နာမ်နှစ်ပါးသာ အဟုတ်အမှန် ငုတ်တုတ်ကြီး ကျန်ရစ်တော့မှာပါ၊ အခု ပဋ္ဌာန်းပစ္စည်းဆိုတာ ရုပ်နာမ်ပါပဲ၊

www.dhammaransi.com



ဟေတုကပါတိတ်(၆)ပါး၊ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ က စိတ်စေတသိက်တရား၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံက ဒုစရိုက် (၁၀)ပါး သုစရိုက်(၁၀)ပါး ပြုကြတဲ့ ကာယဝိဉ္ဉတ်ရုပ်အမူအရာတွေပေါ့၊ ပဝတ္တိအခါဖြစ်တဲ့ စိတ္တဇရုပ်တွေပဲ။

သူ့အသက်သတ်တာ ဒေါသနဲ့၊ စားချင်က လောဘနဲ့ သူ့အသက်သတ်ပြီး နေကြတာ၊ အထင်အရှားပဲ၊ အဲဒီအထဲမှာ လောဘဆိုတာ စားချင်တဲ့လောဘ၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံက အဲဒီလောဘ အရင်းခံဖြစ်တဲ့ စိတ်တွေ စေတသိက်တွေပဲ။

တံသမုဋ္ဌာနာနဉ္စရူပါနံက ဝါးနှင့်ခုတ်ခြင်း စသည်တွေပါပဲ၊ ဉာဏ်နှင့်သိလိုက်လို့ရှိရင်၊ ဒီတရားတွေသာ ရှိပါတယ်၊ လောဘဟေတု၊ လောဘအကြောင်း။ ဒေါသဟေတု၊ ဒေါသအကြောင်း၊ မောဟဟေတု၊ မောဟအကြောင်းကြောင့် သူ့အသက်သတ်၊ သူ့ဉစ္စာခိုး သေရည်သေရက်သောက် မုသားပြော၊

ဆောင်—သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ။

လောဘကြောင့်၊ ဒေါသကြောင့်၊ မောဟကြောင့် သူ့အသက်သတ်၊ သူ့ဉစ္စာခိုး၊ ကာမေသုမိစ္ဆာစာရကံပြု အဲဒါတွေဟာ လောဘ ဒေါသ၊ မောဟ အရင်းခံပြုကြတာပဲ၊ အဲဒါ စာနဲ့ဟောတော့ ပဋ္ဌာန်း ရှာထဲရုပ်ထဲနဲ့အရ ပြောမယ်ဆိုရင် သူ့အသက်သတ်တဲ့ အလုပ်တွေပါပဲ၊ သူ့ဉစ္စာခိုးတဲ့ အလုပ်တွေပါပဲ၊ အဲဒါတွေ ပြုလာတာပဲ၊ ဟေတုပစ္စည်း အကြောင်းအကျိုးတရားလို့ ဉာဏ်ပေါက်သွားလို့ရှိရင် လူ

www.dhammaransi.com



ပျောက်သွားတော့တာပဲ၊ ဝါ-ငါမဟုတ် ကိုယ်မဟုတ်ဘူးဟု သိသွားတာကို လူပျောက်တယ်လို့ နားလည်အောင် ပြောတာပါ၊ ရိုးရိုးစိတ်မျိုးနဲ့တော့ ဘယ်ပျောက်မလဲ၊

အဲဒါကြောင့် ပစ္စည်းပစ္စယုပ္ပန် အကြောင်းအကျိုးတရားကို ဉာဏ်ဆိုက်တော့ သက်သတ်ခိုးမှု ကာမေသု သုံးခုကာယကံ။ မုသာမိတ်ခွဲ၊ ဆဲရေးပြိန်ဖျင်း၊ အပါယ်ချင်း၊ လေးသင်းဝစီကံ။

သူ့ဥစ္စာကို ငါ့ဟာဖြစ်စေ၊ သူ့သက်ဇီဝေ၊ သေစေလိုကြ၊ ပါပဒိဋ္ဌိ၊ အပါယ်ညှိ၊ ဘြိမနောကံ-ဆိုတဲ့အတိုင်း ဒုစရိုက် (၁၀)ပါး မှတ်ထားကြ။

သုစရိုက် (၁၀) ပါးကလည်း ထိုဒုစရိုက်တို့မှ ရှောင်ကြဉ်တာပေါ့၊ ကိုယ်ထဲရှိပစ္စည်းကို မသိလို့ ကိုယ်မသုံးတတ်လို့ ကိုယ်မှားနေတာလို့ တရားအစက ဟောခဲ့ပြီ၊ အဲဒါကြောင့် တရားစစ်လိုက်တော့ ဘာလဲဆိုလျှင် (လောဒေါမောဟော၊ မိုက်မှားနေ၊ မှတ်လေဟောတု အကြောင်းရင်းစုပါပဲ။)

အလော-အဒေါ-အမော သုံးထွေ၊ ကောင်းမြတ်
နေ မှတ်လေဟောတု၊ ကြောင်းရင်းစု။

လက်ာအတိုင်းပါပဲ၊ ရှေ့ဟိတ်သုံးပါးက အကုသိုလ်မှတ်၊ နောက်ဟိတ်သုံးပါးက ကုသိုလ်မှတ် အဲဒါ စာထဲအတိုင်းပြတာ၊ စာထဲကနေပြီး ကိုယ်ထဲပြောင်းကြည့်ပေါ့၊ ခန္ဓာကိုယ်ထဲရောက်အောင်ကြည့်မှတရားမှန်သိမှာ ဩဘာလက်စသတ်တော့ မြတ်စွာဘုရားဟောတဲ့ ဒီပဋ္ဌာန်းတရားဆိုတာ မိမိအတွင်းသူတပါးအတွင်း ရှိတယ်ဆိုတဲ့ တရားသည် မှန်ပါပေ၏၊

www.dhammaransi.com



တရားတွေသိဖို့ ပြောတာပဲကိုးဟု ဉာဏ်သိသူများ ယုံကြည်ကြမှာပါပဲ၊ ဟုတ်လေခြင်း ဟုတ်လိုက်လေခြင်း ဟု အံ့သြဝမ်းမြောက်ဖြစ်ကြမှာပါ။

(ပဋ္ဌာန်းတရားဘယ်မှာရှိသလဲ)

မိမိအတွင်းရှိတယ်၊ သူတပါးအတွင်းရှိတယ်၊ ကိုယ်ထဲမှာရှိတယ်၊ အခုကိုယ်ထဲမှာရှိတာတွေကို ရှိတဲ့အတိုင်း ပြောနေတာပဲ၊

ပဋ္ဌာနဒေသနာနာမ၊ ပဋ္ဌာန်းတရားမည်သည်ကား။ အနန္တ-ဓမ္မဒီပနေ၊ အနန္တတရားပြရာ၌။ မတ္ထကပတ္တာ၊ အမြင့်ဆုံးတရား အမြတ်ဆုံးတရား အစိတ်ဆုံးတရားဟု စာကပြတယ်၊ အဲဒီ ပဋ္ဌာန်းတရားဟာ အနန္တတရားပြတဲ့နေရာ၌ အမြင့်ဆုံးပါပဲ၊ အသေးအစိတ်ဆုံးဟောတဲ့ တရားပါပဲ၊ အဘိဓမ္မာ ရုပ်နာမ်သဘောရယ်၊ ထိုရုပ်နာမ်တို့၏ ဖြစ်ပေါ်ရန်အကြောင်းရယ်၊ မမြဲတဲ့အပျက်အနိစ္စရယ်ဤသုံးပါးဉာဏ်မြင်က ငါဟုတ်တယ်၊ ငါပြုလုပ်လို့ဖြစ်တယ်၊ မပျက်ပဲမြဲတယ် ဆိုသောအမှားထင်စရာ ဘယ်မှာရှိနိုင်တော့မှာလဲ၊ ဒါကြောင့် ပဋ္ဌာန်းဒေသနာသည် အမြတ်ဆုံးပဲ၊ အမြတ်ဆုံးဆိုတာ အသေးစိတ်ပေါ့လေ၊ သူ့ထက်စိတ်အောင် မဟောနိုင်တော့ဘူး၊ ဒါ ရုပ်တွေ နာမ်တွေချည်း သက်သက်ဟောတာရော အကြောင်းတရား အကျိုးတရား ဖက်ပြတာရော မမြဲတာရော ဟောတာဖြစ်၍ ငါဟူ၍ အသက်ဟူ၍လည်းကောင်း၊ ငါပြုလုပ်တာ ငါလုပ်ကိုင်တာ ငါခံစားတာဟုလည်းကောင်း၊ မြဲတဲ့ငါဟုလည်းကောင်း ဘာမှ ထင်စရာ မှတ်စရာမရှိဘူး အထင်အမြင် အယူမှားစရာမရှိပါဘူး၊

www.dhammaransi.com



ဘာမှ ငါကောင် ကိုယ်ကောင် အသက်ကောင်လည်းမပါဘူး၊ ယောကျ်ားလည်းမရှိဘူး၊ မိန်းမလဲမပါဘူး၊ အတ္တဇီဝါ-မပါ တရားသက်သက်ဟောတာပဲ၊ ယောကျ်ားဟူ၍ မိန်းမဟူ၍ သတ္တဝါဟူ၍ အတ္တဟူ၍ ဇီဝဟူ၍ တခုမှမပါဘူး၊ အဲဒါ လိုရင်းကြီးမို့ အထပ်ထပ်ဟောပါတယ်၊ ပထမရက်ကဟောပြီးကိုက မှတ်မိအောင်ထပ်ဟောကြစို့။

ဟေတုပစ္စယောတိ ဟေတူဟေတုသမ္ပယုတ္တကာနံ-
ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ ဟေတုပစ္စယေန
ပစ္စယော၊

အဲဒါက စာလိုမှတ်၊ လောကအတိုင်း ပြောမယ်ဆိုလျှင် ဒုစရိုက်တရားတွေပြုကြတာ အဲဒါဟာ ဟေတုပစ္စည်းတွေပဲ လောကနဲ့ပြောမယ်ဆိုလျှင် လောဘအရင်းခံပြီး သူ့အသက်သတ်၏၊ သူ့ပစ္စည်းခိုး၏။ သူ့အသက်သတ်တာ ဘယ်လိုသတ်သလဲ လောဘအကြောင်းရင်းနှင့် စိတ်ကူးတယ်၊ စိတ်ကူးပြီး ထသတ်တယ်၊ မောဟအရင်းခံပြီး စိတ်ကူးတယ် စိတ်ကူးပြီး မကောင်းတာပြုတယ်၊အဲဒါပါပဲ တရားနာဆင်ခြင်မယ်ဆိုလျှင် တရားဉာဏ်နှင့် တရားပေါက်တော့တာပဲ၊ အဲဒါမျိုးမျိုး ဆင်ခြင်လို့ရှိရင် အသိဉာဏ်နှင့် တရားပေါက်တော့တာပဲ၊ ဒါ မသိခဲ့လို့ရှိရင် အတ္တငြိကပ် ပါယ်လေးရပ် ချဉ်းကပ် မြန်မြန် ရောက်တတ်သည်။ အတ္တအမှားရှိနေတယ်ဆိုလျှင် သေလျှင်ငရဲ ရောက်တတ်သည်ဟုမသိရှာကြဘူး၊အတ္တမကပ်အောင် ပရမတ်ကို မပြတ်ကြည့်၊ ဉာဏ်နှင့်ကပ်၍ကြည့် အတ္တမငြိကပ်အောင် ရုပ်တရား နာမ်တရားကို မပြတ်ကြည့်ကြရန် ပြတာပဲ၊ အတ္တမကပ်အောင် ရုပ်တရား နာမ်တရားကို မပြတ်ကြည့်ဆိုတော့

www.dhammaransi.com



ကြားလည်းမကြားဘူး ဆင်လည်း မဆင်ခြင်ဘူးဆိုလို့ရှိရင် ငါသူတပါးပဲထင်ဖို့တလမ်းသာရှိတော့တာပဲ၊ အခု ပဋ္ဌာန်း တရားကို ကိုယ်တိုင်ကြားဘူးပြီး ဆင်ခြင်တတ်အောင် ပြထားပြီ၊ သို့သော် လောဘအကြောင်းခံပြီး စိတ်ကူးပြီး သူ့အသက်သတ်၊ လောဘအရင်းခံပြီး ဒေါသအကြောင်း ခံပြီးတော့ စိတ်ကူးပြီး သူ့ပစ္စည်းခိုး၊ လောဘဒေါသ မောဟ အရင်းခံပြီး၊ စိတ်ကူးပြီး၊ မုသားပြော၊ လောဘ ဒေါသ မောဟ အရင်းခံပြီး စိတ်ကူးပြီး သေရည်သေရက်သောက်၊ ယခု သတ္တဝါတွေ ပြုကြပြောကြကြံစီစိတ်ကူးကြတာတွေသည် ဟေတု ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ ဆိုဒါတွေပဲ အလောဘ အဒေါသ အမောဟအရင်းခံ ကြံစီပြီး ဥပုသ်စောင့်ခြင်း၊ အလောဘ အဒေါသ အမောဟ အရင်းခံ စိတ်ကူးပြီး တရားအားထုတ်ခြင်းပါပဲ၊ တရားနာခြင်းစသော ကုသိုလ်ကောင်းမှုတွေပြုကြတာပဲ၊

ဩော်–ဒို့လုပ်တာတွေကို မသိလို့ မြတ်စွာဘုရားဟောပေ တာ၊ အဲဒီတော့ တကယ်ကြည့်လိုက်တော့ တိမ်ကြားမင်းခေါင်း တိမ်ကြားမင်းခေါင်ဆိုပြီးတော့ လာတော့ မြေပြင်ပေါ် ကလာ သလိုပဲဟု ဆရာတော်ဘုရားကြီးထည့်၍ ဟောလေ့ရှိတဲ့ ဥပမာ စကားအရ ပဋ္ဌာန်းတရား ပဋ္ဌာန်းတရားဆိုတာ လက်စသတ် တော့ ဒို့ကိုယ်တွင်းမှာရှိတဲ့တရားကိုး၊ မြတ်စွာဘုရားက သိအောင်ဟောတာပဲ၊ လောဘဒေါသ မောဟ အရင်းခံ၍ စိတ်ကူးကြံစည်ပြီးလျှင် အကုသိုလ်ကံတွေပြု အလောဘ အဒေါ သ အမောဟ အရင်းခံ၍စိတ်ကူးကြံစည်ပြီးလျှင် ကုသိုလ် တွေပြု အဲဒါဟာ ပါဠိတော်ဟော့လိုရင်းပဲ ရှုတ်လိုက်ကြပ၊

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော –

အဲဒါပါဠိစကား မြန်မာလိုပြန်ကြည့်စို့၊ လောဘ·ဒေါသ·မောဟအရင်းခံ၍စိတ်ကူးပြီ လျှင်အကုသိုလ်တွေပြု အလောဘ အဒေါသ·အမောဟအရင်းခံ၍စိတ်ကူးကြံစည်ပြီးလျှင် ကုသိုလ်ကံတွေပြု ဒါပါပဲ ပါဠိတော်ကို မြန်မာပြန်လိုက်လို့ရှိရင် ဒါရတာပဲ၊အဲဒါ မိမိထဲခန္ဓာထဲ အသိဉာဏ် ရောက်သွားပြီ၊မိမိလည်း ပြု သူပ ပါးလည်းပြု သတ္တဝါတိုင်းပြု အခု တိရစ္ဆာန်တွေလည်း ဒီအတိုင်းပဲ၊ သူတို့လည်း ဟေတု ပစ္စည်းနဲ့လုပ်နေတာပဲ၊ အခု တရားနာကြားသူတွေလဲ ဒီဟေတုပစ္စည်း ပစ္စယုပ္ပန်·ရုပ်နာမ် တရားနှင့် ကုသိုလ်-အကုသိုလ်အမှုတွေ လုပ်နေတာပဲ၊အဲဒါတွေကို သဘောကျအောင်ပြောတော့ ဤတရားအစက သုတ္တန် တရားတခု ထုတ်ပြထားတယ်မဟုတ်လား၊ ထိုသုတ္တန်နှင့် ပေါ်အောင် ဆက်ပြသွားမယ်၊

ပပဝတီမှာ အင်မတန်မှ အလုပ်အကိုင် ကျွမ်းကျင် အလွန် ခင်မင်တဲ့ခုဇ္ဇာအမည်ရှိတဲ့ အစေခံမအလုပ်အကျွေး တယောက် ရှိတယ်၊ ဇာတ်တော်ပေါင်းတဲ့အခါမှာ ဘုရားလက်ထက်ကျတော့ ခုဇ္ဇုတ္တရာ ဖြစ်လာတာပဲ၊ ပပဝတီကယသော်ဓရာဖြစ်လာတာပဲ ကုသမင်းကြီးက ဘုရားဖြစ်လာတာပဲ၊ဒါနဲ့ နေ့တိုင်း နေ့တိုင်းမြစ်ကို ရေချိုးဆင်းကြ ရေချိုးဆင်းတော့ ရွှေစင်ရှုပ် နှင့် မှူးတော်မတ်တော်တွေကလည်း ဝေါယာဉ်ထမ်းပြီး မြစ်ကမ်းရောက်သွားတယ်၊မြစ်ကမ်းရောက်သွားတော့ ခွေးတွေ အပန်းဖြေနားနေကြဟိုတိုင်းပြည်ခင်ပြီးရွာမရ ဒီတိုင်းပြည်ဝင်

www.dhammaransi.com



ရှာမရ ဒီရွှေရုပ်နဲ့တူတဲ့မိန်းမကိုတယောက်မှမတွေ့ဘူး သူခမျာ မျှားလည်းသွားရတာ မောပန်းလှပြီ၊ တနေရာမတွေ့တနေရာ၊ တနေရာမတွေ့တနေရာဆိုပြီး သွားရှာကြတာပေါ့၊ အဲဒါနဲ့ သာဂလတိုင်းပြည်ရောက်သွားတော့ မြစ်ဆိပ်ကမ်းဝေါကြီးချ ပြီး ရွှေရုပ်ကြီးက မတ်တတ်ကြီးပေါ့၊ မှူးမတ်သေနာပတိတွေ မင်းယောကျ်ားတွေက သင့်တော်တဲ့နေရာ ခပ်ဝေးဝေးကနေ ပြီး စုံစမ်းအကဲခတ်နေကြတာပ ခုဇ္ဇုတ္တရာ ခေါင်းဆောင်တဲ့ ကျေးကျွန် အမျိုးသမီးတွေက ပပဝတီရေချိုးနေကြနေရာမြစ် ဆိပ်ကမ်း ရှေးဦးစွာ လာမြဲအတိုင်းလာကြပါရော—

ပြင်ကြ ဆင်ကြ သန့်ရှင်းကြ ပပဝတီက နောက်မှလိုက်လာ တဲ့ အစဉ်အလာအတိုင်း ပြုပြင်နေကြရာ ခုဇ္ဇုတ္တရာက အရင် ရောက်လာတော့ မြစ်ကမ်းမှာ ဝေါပေါ်က ပါတဲ့ ရွှေရုပ်ကို မြင်ပါရော ပပဝတီမင်းသမီးဟု အဟုတ်ထင်မှတ်ပြီး စိတ်ဆိုးပြီး ဘုရင့်မင်းမြတ်သာ သိမယ်ဆိုယင် ဒို့ကို အသေသတ်တော့မှာပဲ ဒီမင်းသမီးဟာ စည်းမရှိကမ်းမရှိ ဒို့ အရင်ရောက်နေတယ်၊ဘာ ကြောင့် ဒို့ အရင်ရောက်ပါလိမ့်မယ်ဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ သွားပြီးတော့ ပပဝတီထင်ပြီး ရွှေရုပ်ကြီးကို လက်နဲ့ရိုက်လိုက် တာ လက်ကွဲသွားရော ဟင် လက်သာ ကွဲလာတယ် ပပဝတီ မဟုတ်ပါပဲလား၊ အရုပ်ကြီးပါလားဟု ပြောရာ အနီးအနား က မင်းချင်း ယောကျ်ား မှူးမတ်များက ဘာဘုံးလို့မေးကြည့် ရာ ဩော် တခြားမဟုတ်ပါဘူး၊ကျုပ်တို့မင်းသမီးရေချိုးထွက် လာရာ ကျုပ်တို့က အစောင့်အရှောက် လိုက်လာမြဲပါ၊ ကျုပ် တို့က အရင်ထွက်ရမှာ သူက အရင်ထွက်ပြီးလာလို့ အဲဒါနဲ့

www.dhammaransi.com



ဘုရင်မင်းမြတ်ကြီး သိလို့ရှိယင် ကျုပ်တို့အသက်အသေသတ်မဲ့ ဘဝရောက်မှာမို့ လို့ ပပဝတီမှတ်ပြီး ရိုက်လိုက်တာပါ၊

ဟိုကစုံထောက်မှူးမတ် မင်းချင်းယောကျ်ားတွေကသိပြီ၊ရိပ်မိပြီ၊သြော်ဒီတိုင်းပြည်မှာ ဒီရွှေရုပ်နဲ့တူတဲ့ မင်းသမီးရှိတယ်ဟု သိ၍ မေးတယ်၊ အသင်ခုဇ္ဇာ အသင်တို့ တိုင်းပြည်မှာ ဒီရွှေရုပ်နှင့်တူတဲ့ မိန်းကလေးများရှိသလားမေးတော့ရှိတယ်၊ မဒ္ဒရာဇ်မင်းကြီးရဲ့ သမီးတော်(၈)ပါးထဲက ပပဝတီအမည်ရှိတဲ့ မင်းသမီးရှိတယ်၊ နေရာကျပြီ ဒို့မင်းကြီးက မှာလိုက်တဲ့ အတိုင်း ဘုရားအလောင်းတော်တော့ ကြင်ယာတော်ရတော့မှာပဲ ဒါနဲ့ တူယူမယ်ဆိုတဲ့ စကားအတိုင်း တူရင်တော့ ယူမှာပဲဆိုပြီးတော့ အဲဒီအခါမှာ ရွှေရုပ်ကြီးထမ်းပြီး နန်းတော်သွားကြ၊ ရောက်ကြတော့ မဒ္ဒရာဇ်မင်းကြီးက ဘယ်တိုင်းပြည် ဘယ်ဌာန ဘာကိစ္စလာကြသလဲ ဟု မေးရာ တခြားမဟုတ်ပါဘူး ဘုရား၊ ကုသဝတီပြည့်ရှင် သြက္ကာကရာဇ်မင်းကြီးရဲ့ သားတော်ဖြစ်တဲ့ ဘုန်းကံအလွန်ကြီးမားတဲ့ ကုသမင်းသား ရှိပါတယ်၊ ထိုသားတော်အတွက် ကြင်ယာတော်များ အရှာခိုင်းပါတယ်၊ ယခု ရွှေတော်မှောက် ရောက်လာသော ရွှေစင်ရုပ်နှင့် တူသော မင်းသမီးများတွေအောင် ရှာ၍ တွေ့လျှင် လက်ထပ်ထိမ်းမြားရန် တိုင်းပြည်ခေါ်ခဲ့ရမည်၊ ဤရွှေစင်ရုပ်ကိုလဲ မင်္ဂလာပဏ္ဏာတော်အဖြစ်နှင့် ပေးထားခဲ့ရမည်ဟု အမိန့်တော်မြတ် မှတ်သောကြောင့် ယူဇနာ (၁၀၀)ဝေးကွာ ရာတိုင်းပြည်မှလာခဲ့ရပါကြောင်း ပေါင်းရုံးကာ သံတော်ဦး တင်ကြပါရော—

www.dhammaransi.com



အားလုံး အကြောင်းစုံ မေးမြန်းလျှောက်ကြား၍ ပြီးဆုံးသောအခါ သမီးတော်ခေါ်ပြီး ရွှေရုပ်နှင့် တူတဲ့သမီးတော်ရှိတယ် ဟောဒါပဲလို့ ပြလိုက်တော့ အဲဒီကျမှမှူးတော်မတ်တော်တွေက သဘောကျပြီး၊ ကိုင်းဒီရွှေရုပ်ကိုလည်း လက်ဆောင်ပဏ္ဏာတော်အဖြစ်နဲ့ မင်းကြီးကို အပ်နှင်းပါ၏၊သမီးတော်ကိုလည်း သြက္ကာကရာဇ်မင်းကြီး၏ သားတော်ဖြစ်တဲ့ ကုသမင်းအားအပ်နှင်းပါဟုပြော၍ အဲဒီအခါမှာ စကားစုံလင်စွာ ပြောပြီးကောင်းပါပြီ အပ်နှင်းပါ့မယ် မင်းကြီး၏အလိုတော်အတိုင်း ဖြစ်ပါစေမယ်ဟု ဝန်ခံလိုက်တယ်၊အဲဒါပဲ မင်္ဂလာအခမ်းအနားအခနနဲ့ အကျွန်ုပ်တို့ပြုတာပါပဲ ဒီရွှေရုပ်ကို အသင်မင်းကြီးအားအပ်နှင်းပါ၏။ အဲဒီရွှေရုပ်ကို အပ်နှင်းပြီးတော့ ပြန်ကြရော ဇာတ်တော်ကို တိုတိုပြောမယ် ဆိုလျှင် ပြန်ပြီးသည့်နောက်မှ မကြာမီသာဂလဘုရင်မဒ္ဒရာဇ် မင်းကြီးကလည်း သမီးတော်ကို အဆောင် အယောင် ပစ္စည်း ဥစ္စာတွေနဲ့ ပို့လိုက်တယ်၊ မလ္လတိုင်း ကုသာ၀တီပြည်ကလဲ လက်ခံတယ်၊ သို့သော်လည်း မယ်တော်မိဖုရားကြီးက လောကအရာပါးနပ်ကျွမ်းကျင် လိမ္မာသည့်အတွက်ကြောင့် သားတော်က အလွန်အရုပ်ဆိုး ချွေးမကအင်မတန်ချောတော့ သားတော်ပြရင် မြင်မြင်ချင်း ကြောက်လန့်ပြီး သူ့တိုင်းပြည် ပြန်သွားမှာစိုးတာနဲ့ မိဖုရားကြီးက ဥပါယ်တံမည်နဲ့ မိဖုရားကြီးပြောပုံက အသင်ချွေးမတော် ဒို့အမျိုးအစဉ်အလာရှိတယ် ဓလေ့ထုံးစံရှိတယ်၊ အကြင်လင်မယားရယ်လို့ ဖြစ်ကြသင် သားတော်တဦးရမှ တယောက်နှင့်တယောက် နေ့မှာတွေ့စတမ်း အဲဒီလို အစဉ်

www.dhammaransi.com



အလာရှိတယ်၊ အဲဒီတော့ သမီးတော်သည် သားတော်ကို နေ့အခါမှာ မတွေ့နိုင်ဘူး မမြင်ရဘူး ဟု ပြောထားရာ ကောင်းပါပြီထုံးတမ်းစဉ်လာအတိုင်း လိုက်နာပါမည်ဟု အာမခံ၏။

အမှန်စင်စစ်တော့ နေ့မှာမမြင်စေချင်လို့ပါပဲ၊ နေ့မြင်လို့ရှိလျှင် အဆင်းမလှတာကြောက်လန့်ပြီး ပြန်သွားမှာ စိုးလို့ပေါ့၊ အဲဒါနဲ့ သူတို့ထုံးတမ်းစဉ်လာအတိုင်း လက်ခံပြီးနေကြပါတယ်။(ဝတ္ထုထဲမှာတော့ကြားထဲက အများကြီးအကြောင်းအရာတွေပါတယ် ခုတရားမှာ လိုရာမျှ ပြောရတာပဲ၊ညညမှာအတူတကွ တွေ့ကြဆုံကြတယ်၊ နေ့ကျတော့ တခြားစီနေကြတယ်၊) မမြင်ရတော့ ကုသမင်းသားက ဘယ်လောက်လှတယ်ဆိုတာသိချင်မြင်ချင်လာတယ် လောဘဟိတ်က အဆင်းကို သာယာ၍ သိချင်မြင်ချင်တော့ ဥပါယ်တံမည်နဲ့ကြံစီပြီး ချောမောလှပတဲ့ ညီတော်ကို ကုသမင်းက နောက်နေပြီး ထီးတော်မိုးလုပ်ပြီး ပပဝတီကို ကြည့်တော့ ချောမှန်း လှမှန်းကို မြင်ပါရော မြင်လေလေ—လောဘ ဟိတ်က ကြီးကျယ်လေလေဖြစ်လာရော၊ ကုသမင်းကတော့ မြင်ရပြီ။ ပပဝတီက ဘယ်သူသည် ငါ့ရဲ့ခင်ပွန်းလဲ၊ ဘယ်သူ ငါ့ရဲ့ကြင်ယာတုံးဆိုတာ သူခမျာ မကွဲရှာဘူး၊ ညီတော် နောင်တော် (၂)ပါး လိမ်ထားတာကြောင့် မသိရှာဘူးပေါ့။

ညီတော် ဇယမ္ပတိမင်းသားက ရုပ်ချောတယ်၊ နောင်တော်ဖြစ်တဲ့ ကုသမင်းက အရုပ်ဆိုးတယ်၊ လူကိုထုတ်ပြလို့ရှိယင် ဇယမ္ပတိမင်းသားကို ထုတ်ပြတယ်၊ ကုသမင်းကို ပြည်ဖုံးကားချထားတယ်၊ အဲဒါနဲ့ ပပဝတီက မကျေနပ်လို့ ခုဋ္ဌာရယ် ငါတို့သူများတိုင်းပြည်ရောက်လာတယ်၊ ဘယ်သူဟာ ငါ့ရဲ့ ကြင်ယာ

www.dhammaransi.com



မှန်းလည်း မသိဘူး၊ ဘယ်သူဟာ ငါရဲ့ ခင်ပွန်းမှန်းလည်း မသိဘူး၊ သင် သေချာစွာသိအောင် စုံစမ်းပါ၊ ဘယ်သူဟာ ကုသမင်းတုံး၊ ဘယ်သူဟာ ငါ့ ခင်ပွန်းဖြစ်တုံးလို့ သိလိုတယ်ဟု ခိုင်းရာ ကောင်းပါပြီဆိုပြီး ခုဇ္ဇာက စုံစမ်းတော့ အရုပ်ဆိုးတဲ့ ကုသမင်းကို ဒိဋ္ဌတွေ့မြင်ပါရော၊ တွေ့တော့မှ (အရှင်မ) ပပဝတီအရှင်မရဲ့ ခင်ပွန်းဖြစ်တဲ့ ကြင်ယာမောင်တော်သည် အင်မတန် အရုပ်ဆိုးတယ် ကြည့်ဝံ့စရာတောင်မရှိဘူး၊ အလွန် တရာ ကြောက်စရာကောင်းတဲ့ အရုပ်ကြီးပဲလို့ ပြောလိုက်တယ်၊ ဒါဖြင့်ရင် ဒီလိုအရုပ်ဆိုးတဲ့ ပုဂ္ဂိုလ်နဲ့ တသက်လုံးနေရမှာထက်တော့ ကိုယ့်ဘဦးတည်း နေရတာက ပိုကောင်းသေးတယ်၊ စိတ်ချမ်းသာမယ်၊ ဒို့တိုင်းပြည်ပြန်ကြစို့ရဲ့ဟု တိုင်ပင်ပြီး တိတ်တိတ် ဘယ်သူ့မှ မပြောပဲနဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးတွေနဲ့ သူတို့တိုင်းပြည် ပြန်သွားကြပါရော–

သာဂလနိုင်ငံ သူတို့တိုင်းပြည်သို့ ပပဝတီလည်း ပြန်သွားတဲ့အခါ ကုသမင်းကြီးလည်း ပြန်သွားမှန်းသိတော့ သူ့ခမျာမှာ အင်မတန် မနေနိုင် မထိုင်နိုင်ဖြစ်ရှာတယ်၊ ခင်မင်ရှာလွန်းလို့ ချစ်ရှာလွန်းလို့ မျက်ချည်စက်လက်နဲ့ သေ ာက ပရိဒေဝမီးတွေ တောက်လောင်ရှာရတယ်၊(ပိယတော ဇာယတေ သောကော) အရ ဒုက္ခရောက်တော့ဒါပဲ။

တရားနာတဲ့သူတွေ သိစေခြင်တာကတော့ လောဘ ဟေတုရဲ့ ဖြစ်အင်ပါပဲ၊ ပဋ္ဌာန်းပါဠိတော်မြတ်အရ–(လောဘ ဟေတု–ဟေတုသမ္ပယုတ္တကာနံဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ ဟေတုပစ္စယေန ပစ္စယော) စာအရနှင့်ရှတ်တဲ့ ပဋ္ဌာန်းတရားမှာ လောကကြီးယှဉ်ပြတော့–ကုသမင်းကြီးသည် ချောမော

www.dhammaransi.com



လှပတဲ့ ပပဝတီမင်းသမီးကို လိုချင်တဲ့ လောဘကြောင့် စိတ်တွေကူးပြီး ငါတော့ ဒီတိုင်းပြည် မနေချင်တော့ဘူး၊ ပပ-ဝတီရှိတဲ့ သာဂလပြည် လိုက်သွားမယ်လို့ စိတ်ကူးဖြစ်တယ်၊ အဲဒီအခါမှာ သူ့မယ်တော်ကြီးကို ပြောပုံမှာ မယ်တော်ကြီး ဒီတိုင်းပြည်ကြီးသည် အင်မတန် ပေါ်များပြည့်စုံတဲ့ ကျုံတိုင်းပြည်ကြီးသည် သင် မယ်တော်ကြီးတို့ရဲ့ တိုင်းပြည်ပဲဖြစ်ပါတယ်၊ မယ်တော်ကြီးသည်သာလျှင် ထီးနန်းအုပ်ချုပ်ပြီး မင်းလုပ်တော်မူရစ်ပါတော့၊ သားတော်ကတော့ ချစ်ခင်တဲ့ ပပဝတီရှိတဲ့ သာဂလပြည်ကို သွားပါရစေတော့....အဲဒီလို တောင်းပန်ရှာတယ်၊ မနေနိုင်၊ မထိုင်နိုင် ဖြစ်ရတယ် အဲဒါကို လွန်ခဲ့သော နှစ်ပေါင်း (၃၀၀) လောက်က ကုသပျို့ရေးတဲ့ မုံရွေး ဇေတဝန်ဆရာတော်ဘုရားကြီးက ရေးသွားတာမှာ—

> ကုသမင်းစစ် ကေရာဇ်လည်း ချစ်လျှင်ချစ် ခြင်း မချစ်လျှင် မချစ်ခြင်း၊ ဂျင်းစိမ်းနှံ့ မိဿလင် သူက ကြင်လျှင် ကိုယ်ကကြင်ခြင်း မကြင်ခြင်းဟု မတင်းနိုင်ပေ စိတ်လျှော့လေ၍ မိန်းမောတွေဝေ-မျက်ရည် တုတ်တုတ်ကျသတည်း—

(ဩဝ်) ဘုရားအလောင်းတော်ကြီးအတွက် သနားစရာ လဲကောင်း အားနာစရာကောင်းလိုက်တာနော်ဟု တရား ဟောရင်း တွေးမိတယ်၊ ကုသမင်းကြီး မျက်ရည်ကျတာက ပဋ္ဌာန်းတရားနှင့်ပြောရင် စိတ္တသမုဋ္ဌာနဉတုဇရုပ်တွေ ဖြစ်တာ ပဲ၊ တိုင်းတော် ပြည်တော်က နေပြီး သွားတာကလည်း စိတ္တဇ ရုပ်တွေပဲ၊ ပပဝတီ ခင်တွယ်တဲ့ လောဘကြောင့် စိတ်ကူး

www.dhammaransi.com



ကြုံစည်ပြီး မယ်တော်ကြီးကို တိုင်းပြည်ပြန်အပ်တာ၊ တိုင်းပြည် ပြန်အပ်ပြီး သူကကြွင်မှ ငါကြွင်မယ် သူကခင်မှ ငါခင်မယ်လို့ အားတော် မတင်းနိုင်ရှာဘူးတဲ့၊ မနေနိုင် ပြိုင်ပြိုင် မျက်ရည်ကျပြီး သူ့ ခမျာမှာ မိန်းမောတွေဝေနေတဲ့ အကြောင်းကို ဆရာတော်ဘုရားကြီးက အဲဒီပျို့မှာ ရေးထားတယ်။

ဘုရားအလောင်းတော်ကြီး ဒုက္ခရောက်ပုံတွေရော ပပ-ဝတီအကြောင်းပြုပြီး တိုင်းတော် ပြည်တော်စွန့်ပြီး မျက်ရည်တွေမျှားကျလို့ မယ်တော်ကြီးထံ ခွင့်ပန်လို့ ယူဇနာ (၁၀၀) ဝေးတဲ့ သာဂလတိုင်းပြည်သွားရပုံ ဘုရားအလောင်းတော်ကြီးသည် အင်မတန် ဆင်းရဲရှာတဲ့အကြောင်း အဲဒါ ဘာလဲ ဆိုတော့ ဟောတုပစ္စည်း ပဋ္ဌာန်းအကြောင်းအကျိုး တရားတွေပါပဲ။

ကုသမင်းသည် ကဲ မယ်တော်ကြီးနေရစ်တော့ နေရစ်ပေတော့လို့ တိုင်းပြည်ကြီးပြန်အပ်ပြီး သားတော်ကတော့ ယူဇ-နာ (၁၁၁) ဝေးတဲ့ သာဂလပြည် သွားတော့မယ်။ အဲဒီ မယ်တော်ကြီးကို ပြောတယ်၊ မယ်တော်ကြီးက သားတော် သတိ ဝီရိယနဲ့ သွားလေ၊ သူများတိုင်းပြည်ဆိုတာ အန္တရာယ် များတယ်၊ တားလို့မရလဲ သွားပေါ့ဟု ပြောပြီး သားတော်လဲ သွားရော ဘာပါလဲ စောင်းပါတယ်၊ ငွေ(၁၀၀၀)ပါတယ်၊ မယ်တော်ကြီးက ထမင်းတထုပ်ပေးလိုက်တယ်၊ကိုင်း ဒီထမင်း စားသွားပေတော့၊ သူများတိုင်းပြည်သွားရမှာ အန္တရာယ်လဲ များတယ်၊ အန္တရာယ်များတဲ့နေရာမှာ သတိဝီရိယထားပြီး ငါ့သား သွားတော့ဟု အထပ်ထပ် မှာကြားသတိပေးတော်မူရှာတယ်။

www.dhammaransi.com



အဲဒါနဲ့ ထမင်းထုတ်ယူပြီးသွားရော ယူဇနာ(၁၀၀)ဝေးတဲ့ တိုင်းပြည်ကို ၁၂-နာရီနေမွန်းတဲ့ချိန်လောက်ကျတော့ ယူဇနာ (၅၀) ရောက်သွား၊ ထမင်းမျှားစားပြီး ကျန်တဲ့ခရီး ကျတဲ့ နေ့ပိုင်း သွားလိုက်တာ ယူဇနာ(၅၀)ရောက်ရော၊ ပေါင်းလိုက်တော့ ယူဇနာ (၁၀၀) ရောက်သွား၏။ ယူဇနာ (၁၀၀) ရောက်လာပြီ၊ သာဂလတိုင်းပြည်တော့ ရောက်လာပြီ၊ ပပဝတီ နေတဲ့တိုင်းပြည်တော့ ငါရောက်လာပြီ သူ့ နန်းတော် သူ့ ပြာသာဒ် ရောက်ဖို့ရန် ငါ အင်မတန် ခဲယဉ်းသေးတယ်၊ ကိုင်း ဇရပ်တဆောင်နားနေအုံးမှပဲလို့ ကြံပြီးဇရပ်တဆောင် ရောက် သွား၊ မိန်းမတယောက်က ရေခပ်လာ ကုသမင်းကြီးက မြင် တော့ ဘယ်မြို့က လာပါသလဲလို့မေးရာ ခေတ္တခဏ တည်းခို စရာ မရှိလို့ပါ။

ကိုင်း ကျုပ်တို့နဲ့လိုက်ခဲ့ပါဆိုလို့ လိုက်သွား၊ ထမင်းမျှား ကျွေးပြီး ညကျတော့ သိကြားမင်းပေးတဲ့ ကောကနုဒစောင်း တီးတယ်၊ စောင်းတီးတဲ့အခါ ပပဝတီက မစောင်းသံကြားရာ စဉ်းစားတယ်၊ ကေန်မုချ ကုသမင်းကြီးတော့ လိုက်လာပြီ၊ ဤစောင်းသံသည် မင်းကြီး၏စောင်းသံအမှန်ပဲဟု ပပဝတီ မင်းသမီးက သိတယ်။

အလောင်းတော် ကုသမင်းကြီးက ဘုန်းတန်ခိုးအာနု ဘော် ရှိ၍ ပပဝတီမှာ စက်တော်ခေါ်နေကြ သလွန်ပေါ် မနေရဲတော့ပဲ အောက်ဆင်းအိပ်ရတယ်၊ ငါက မုန်းလို့ပစ်လာ တာ၊ဘယ်အတွက်ကြောင့် ငါ့နောက် လိုက်လာပါလိမ့် မလဲလို့ တွေးပြီး ပပဝတီမှာ ဘုန်းတန်ခိုး အာနုဘော်မတူတော့ သလွန်တော်ပေါ် စက်တော်မခေါ်နိုင်လို့ အောက်ဆင်းအိပ်ရ

www.dhammaransi.com



တယ်၊ အဲဒါနဲ့ ဒီမိန်းမအိမ် အိပ်ပြီး မနက်ကျတော့ သူ့ကို နှုတ်ဆက်ပြီး သူတို့နန်းတော်နဲ့နီးအောင် ဘယ်လိုကြံရပါ့မလဲ လို့ ကြံတော့ တညအိပ်ပြီး ဖျာရက် တောင်းရက်တဲ့နေရာ သွား လို့ရင်းပြောရရင် အဲဒါကလည်း မနီးစပ်သေးဘူး၊ထမင်း ချက်တဲ့နေရာ ရောက်သွားပါရော၊ ဘုရားအလောင်းတော် ကြီးဟာ ဆင်တင်းကုပ်သွား မနီး၊ဖျာရက်တဲ့ နေရာသွား မနီး၊တောင်းရက်တဲ့နေရာသွား မနီး၊ အိုးလုပ်တဲ့နေရာသွား မနီး၊ ပပဝတီနဲ့မနီးရင် နီးတဲ့နေရာ အလုပ်လုပ်မှပဲဆိုပြီး နောက်တော့ စားတော်ကဲချက်တဲ့ နေရာရောက်သွားတာပဲ။

အဲဒီလို စားတော်ကဲချက်တဲ့နေရာ ရောက်သွားပြီးတော့ ထမင်းချက်ရှာတာပဲ၊ ဟင်းခွဲလို့ခွဲ၊ ရေခပ်လိုခပ်၊ ထမင်းထမ်း ပြီးပို့ရ၊ (ဘဝစက်ကွင်း တသက်တွင်းမှာ မင်းလည်းတခါ ကျွန်တခါနှင့် အဖြစ်များစွာ ဖြစ်ရပါတကား)လို့ သူဟာသူ ငိုးရှာတယ်။

တဘဝထဲမှာပင် မင်းဖြစ်လိုက် ကျွန်ဖြစ်လိုက် အခုထမင်း ချက်ရတဲ့ဘဝရောက် အဲဒါတွေဟာ ဘာလဲဆိုရင် လောဘ ဟေတုပစ္စည်း ထင်ရှားရန်ပြတာပါပဲ၊

လောဘဟေတု လောဘဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ လောဘဟေတုပစ္စယေန ပစ္စ-ယော။

အဲဒါပါဠိစကားနဲ့ မြန်မာလိုပြန်လိုက်တော့ ကုသဇာတ် တော်လာတဲ့အကြောင်းတွေမှာ ဒီပစ္စည်းပဲ၊ အကြောင်းရင်း

www.dhammaransi.com



မူလက ပပဝတီခင်တွယ်တဲ့လောဘ၊ စိတ်ကူးကြံစည်တဲ့ တံ သမ္ပယုတ္တကာနံ ဓမ္မာနံ၊တိုင်းတော်ပြည်တော်ငွန့်ပြီး သကာလ ယူဇနာ(၁၀၀)ဝေးကွာတဲ့သာဂလတိုင်းပြည်သွားတဲ့စိတ္တသမု- ဋ္ဌာနာနံရူပါနံ၊ ဖျာယက်တာတွေ၊ တောင်းယက်တာတွေ၊ အိုး လုပ်တာတွေ၊ ထမင်းချက်တာတွေဟူသမျှ ကိုယ်နှင့် ပြုလုပ် ဟူသမျှ စိတ်တွေကြံသမျှမှာ ဒီပစ္စည်း ပစ္စယုပ္ပန်တွေအကုန် လုံးပါတာပဲလို့မှတ်ကြ—။

ဒီဟော ်နေတဲ့တရားတွေဟာ ဟေတုပစ္စည်းနဲ့ ပစ္စယုပ္ပန် အကြောင်းအကျိုးတရားတွေထဲ အကုန်လုံး အကျုံးဝင်တာ ပါပဲ။ အဲဒါဘာတွေလဲဆိုရင် လောဘနိုပ်စက်ညှဥ်းဆဲမှုကြီး တွေပါပဲဟု သိကြပါ၊ ဒီလောဘနှိပ်စက်ညှဉ်းဆဲတဲ့ အတိုင်း ဘုရားအလောင်းတော်ကြီးသည် မင်းလဲတခါ ကျွန်ဝ ခါနဲ့ တဆင်းရဲရဲ တမဲ့မဲ့ဖြစ်ရရှာတာပေါ့၊ အဲဒါလဲ သူပြုမိခဲ့တဲ့ လောဘပစ္စည်း အကြောင်းအကျိုးတရားတွေပဲ။

အရှပ်ဆိုးရတာက ဒေါသပစ္စည်း အကြောင်းအကျိုး တရားပဲ၊ (ဒေါသဟေတု ဒေါသ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စရူပါနံ ဒေါသဟေတု ပစ္စယေနပစ္စယော)လို့ ပါဠိ ဆိုရမှာပေါ့။

ရှေးနားကဟောခဲ့တဲ့ အဲဒီအရှပ်ဆိုးတာဟာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို စိတ်ဆိုးမာန်ဆိုးနဲ့ ဒေါသခြံရံပြီး မုန့်လှူဒါန်းခဲ့ တဲ့ကုသိုလ်ကံ အဲဒီ ဒေါသခြံရံတဲ့ ကုသိုလ်ကံကြောင့် သူဖြစ် ရာဘဝမှာ အရှပ်ဆိုးတဲ့အကျိုး ပစ္စုပ္ပန်တရားထင်ရှားရတာ ပေါ့။

www.dhammaransi.com



အရင်းစစ်လိုက်တော့ အမြစ်မြေကဆိုသလို သတ္တဝါတိုင်းမှာ ကိုယ်ပြုတဲ့ ကံအတိုင်းပဲဖြစ်ကြရတာပေါ့။ ဒါကြောင့်—

" သတ္တဝါအားလုံး ပေါင်းရုံးသနစ် အရင်းစစ်သော် အမြစ်မြေက ကံမူလတည်း ဟူလည်းကောင်း။ ကံဟုမူလ သမ္ဘုဒ္ဓတို့ ဟောပြသည်မှာ အရင်းသာတည်း" ဟုလည်းကောင်း ပညာရှိကြီးများဆိုးမခဲ့ကြပါတယ်။

ဘုံသုံးပါးမှာဖြစ်ပြီးဖြစ်ဆဲ ဖြစ်လတ္တံ့ သတ္တဝါတွေဟာ— အမျိုးယုတ်တာ အမျိုးမြတ်တာကံ၊ အဆင်းလှတာ မလှတာကံ၊ ချမ်းသာတာ ဆင်းရဲတာကံ၊ အနာရောဂါ များတာ မများတာကံ၊ ဉာဏ်ပညာရှိတာ မရှိတာကံ၊ အသက်ရှည်တာ တိုတာကံ၊ ဘုန်းတန်ခိုးကြီးတာ မကြီးတာကံ၊ ဘယ်သိကြား ဘယ်ဗြဟ္မာ ဘယ်စကြာမင်းမှ ဖန်ဆင်းလို့ရတာ မဟုတ်ဘူး၊ ကံပြုပြင် ကံစီရင်ချက်အရ ဖြစ်ကြရတာချည်းပဲ။

ဒါကြောင့် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားက "မြတ်ယုတ်မျိုးနွယ်၊ ကြီးငယ်ဂုဏ်သိရ်၊ စည်းစိမ်နည်းများ၊နာဖျားကင်းယူ၊သက်ဟူရှည်တို၊ ရုပ်ကိုမူလ၊လှမလှကာ၊ ဉာဏာရှိမဲ့၊ လွန်ထင်ပြဲ့သား တဆယ့်လေးဖြာ၊ ဤခြင်းရာကား ဗြဟ္မာ ဗိဿနိုးနတ်အမျိုးတို့ တန်ခိုးဖန်ဆင်းမဟူလျှင်တည်း ခပင်းသတ္တဝါ ကံဖြင့်သာလျှင် နာနာကာရဖြစ်ကုန်ကြ၏။" လို့ ဘုရားဒေသနာတော်ကို အများဝေနေယျာတို့ လွယ်ကူစွာသိကြပါစေနော်ဆိုပြီး ရေးသားစီရင် ပြတော်မူခဲ့သည်မှာ ဘုရားဟောသော သုဘသုတ်၊ စူဠကမ္မဝိဘင်္ဂသုတ်အတိုင်းပါပဲ။

www.dhammaransi.com



အဲဒါကို ကံသာမူလပြုသမျှလိုတဲ့အတိုင်း ဘုရားလောင်းတော်ကြီးခမျာမှာလဲ ရှေးကဆုတောင်းပတ္ထနာပြုကြောင်း ကံတွေပါလာတာကြောင့် ယူဇနာ (၁၀၀) ဝေးလှတဲ့ တရွာတကျေး ပြည်တိုင်းရပ်အဝေးမှာ လာရောက်ခါဖျာရက်လို ရက်ရ၊ အိုးဖုတ်လိုဖုတ်ရ၊ ထမင်းချက်လိုချက်ရ၊ ထင်းခွဲရေခပ် အောက်ကျတဲ့အလုပ်လုပ်ရ ဤပြုလုပ်ရသမျှ ဒုက္ခတွေဟာ ပပဝတီကို တွေ့ရန်းနိုး မြင်ရန်းနိုး မြော်ကိုးတောင့်တတဲ့ လောဘရမက်ဆိုးက အကြောင်းရင်းမူလပေါ့၊ အဲဒီလောဘ ရမက်ဆိုး မကင်းကြရသေးသမျှ ကာလပတ်လုံးကတော့ သူ ရောငါပါ သတ္တ ါခပင်းတို့မှာ၊ ဆင်းရဲတွင်းမှာနစ်ပြီးရင်း နစ် ကြရအုံးမှာပဲ၊ အဲဒါ သံဝေဂဖြစ်စရာ အင်မတန်ကောင်းတဲ့ အချက်တွေပေါ့။

ဘုရားအလောင်းတော် ကုသမင်းကြီးခမျာမှာ ဘုရား ဖြစ်တော့ အကုသိုလ်နုယ်ပယ် ဒုက္ခပင်လယ်ထဲမှ အကုန်လုံး ကျွတ်လွတ်ရပါတယ်။

အဲဒီလောဘ ဒေါသ မောဟစတဲ့အကုသိုလ်တွေမရှိတော့မ ဖြစ်တော့အကုန်လုံးကျွတ်ထွက်တော့မှချမ်းသာသုခအေးငြိမ်း ခွင့်ရရှာတော့တာပါပဲ၊ ကိလေသာအပူငြိမ်းတော့ အေးနိဗ္ဗာန် ရောက်ကာ အေးငြိမ်းတော့တာပေါ့။ ကဲ ဒါကြောင့် ကိလေ သာအပူမှ ငြိမ်းအေးချမ်းသာတော်မူသော မြတ်စွာဘုရား၏ အရဟံဂုဏ်တော် ပေါ်လာရန် မပြတ်အခါခါ ကြည်ညိုကြ ရှိခိုး ကြဖို့ အစက ဟောခဲ့တဲ့ဂါထာဆိုကြ လောဘောစ၊ လောဘ လည်းကောင်း၊ဒေါသော စ၊ဒေါသလည်းကောင်း၊ မောဟော စ၊မောဟလည်းကောင်း၊ဣတိ၊ဤသို့၊ သဗ္ဗေဝေရီဟိ၊ ခပ်သိမ်း

www.dhammaransi.com



ကုန်သော ရန်သူတို့ထက်။ ဒုဇ္ဇယော၊ အောင်နိုင်ခဲကုန်ထသော။ တယော၊ သုံးပါးကုန်သော။အန္တောပစ္စတ္တိကေ၊ ကိုယ်တွင်း ပုန်ကန်သူပုန်ရန်တို့ကို။ သဇ္ဈိ တံ၊ကောင်းစွာ အောင်မြင်တော်မူပါပေသော။ ဇိနံ၊ မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ နမေနမာမိ၊ ကြိမ်ကြိမ်ဝပ်လျှိုး ဦးညွတ်ကျိုးခါ ရှိခိုးကန်တော့ပါ၏ဘုရား။

ဒီနေရာရပ်ပြီးတော့ ပညတ်နဲ့ပြောကြမယ်ဆိုရင် ကုသမင်းကြီး ဆင်းရဲရှာတယ်။ ကုသမင်းကြီး ဆင်းရဲရှာတယ်ပေါ့၊ ပဋ္ဌာန်းနည်းနဲ့ ပြောရမယ်ဆိုလျှင်တော့ ဟေတု ပစ္စည်း အကြောင်းအကျိုးတရားတွေ မပြတ်မစဲ ဖြစ်နေတယ်လို့ ပြောရမှာပေါ့။

ဒီလောက်ဆိုလျှင် တရားနာသူတွေဉာဏ်တွေထဲမှာ ဆင်းရဲဒုက္ခဆိုတာ "လောဘဟေတု လောဘသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ လောဘဟေတုပစ္စယေန ပစ္စယော" ဆိုတဲ့ ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီးပဲဆိုတာ နဲနဲတော့ သဘောပေါက်ရောပေါ့။ ဒါကြောင့် ကုသမင်းနှင့်တကွ တရားနာသူတွေမှာ ဖြစ်နေသမျှ ရှိနေသမျှ သခ်ါရဒုက္ခသည်ကား ဟောဒီ လောဘဟေတု ပဋ္ဌာန်းတရား ပစ္စည်းပစ္စယုပ္ပန်တွေပါ တကားဟု ငါသူတပါး ယောကျ်ား မိန်းမတွေဉာဏ်ထဲ ကွယ်ပျောက်သွားအောင် ပရမတ်ကို ဉာဏ်မြင်ရန် အထပ်ထပ်ဆင်ခြင်နိုင်ကြပါစေသော်–ဟု ဆုတောင်းခါ ဒီကနေ့တရား ရပ်နားလိုက်၏။

ပဋ္ဌာန်း ၅–ပ-မ-သ-စ

www.dhammaransi.com



## အာရမ္မဏပစ္စည်း

ယနေ့သည်ကား တန်ခူးလပြည့်ကျော် (၈)ရက် မဟာသင်္ကြန်အတက်နေ့ဖြစ်ပါတယ်။ သင်္ကြန်အကျနေ့ အကြတ်နေ့က တရားနှင့်ဆက်ပြီး ဟောရမည်။ ယနေ့ဟောရမည့်တရားမှာ– အာရမ္မဏ-ပစ္စည်းတရားပေါ့ ဟေတုပစ္စည်းနဲ့စပ်ရင် အာရုံ အာရမ္မဏက ဆက်ရက်ပါပဲ မြန်မာလိုမှတ်မိအောင် ထပ်ဆိုကြ ပဋ္ဌာန်းတရား အထူးထူးအပြားပြားသော အကြောင်းတရား၊ (အမျိုးမျိုးသော အကြောင်းတရား) ၂၄-ပါးသော အကြောင်းတရားတွေပဲ ကုန်အောင်တော့ မပြောနိုင်ဘူး မာတိကာအစဉ်မျှလောက် ပြောနိုင်တယ်။ အလွန်နက်နဲကျယ်ဝန်းများပြားတဲ့ အနန္တနယ မဟာပကရဏ သမန္တပဋ္ဌာန်းတရားကြီးကို။ ဒါကြောင့် (သစ်သီးရှန်းရှန်းတလုံးမှန်း၊ ပဋ္ဌာန်းပစ္စည်းဘယ်မျှနည်း)ဟု ကြေးကန်အမေးကို ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးက သစ်သီးတလုံးအတွင်း ပါဝင်တဲ့ ပဋ္ဌာန်းပစ္စည်းတွေ ထုတ်ပြသွားတယ်။ ဒါကိုအကျယ်မဟောပါဘူး၊ သစ်သီးလို့ တလုံးခေါ်တဲ့ ပညတ်အစုတွင် အဆင်း အာရုံ အနံ့အရသာ အတွေ့စသည်တွေမှာ တရားကိုယ်က ပဋ္ဌာန်းတွေပဲ။

ပဋ္ဌာန်းပစ္စည်းရွတ်လျှင် အနန္တရာယ်ကင်းတယ်တဲ့ ဘုန်းတန်ခိုးကြီးတယ်တဲ့၊ ယုံကြည်ပြီးရွတ်ကြပါ၊ ပဋ္ဌာန်းပစ္စည်းတရားကြီးမှာ ဘေးရန်ဥပါဒ်အန္တရာယ်ကင်းတတ်တယ်၊ ဘုန်းတန်ခိုးကြီးတယ်။

မြတ်စွာဘုရား ကိုယ်တော်သည်ပင်လျှင် အပရာဇိတ ရွှေပလ္လင်ပေါ်တွင် ကဆုန်လပြည့်ကျော် (၇)ရက်နေ့အထိ၊ ၇-ရက်ကနေပြီး ကဆုန်လဆုတ်(၈)ရက်တွင် အဘိဓမ္မာတရား

www.dhammaransi.com



ခုနစ်ကျမ်းကို မြတ်စွာဘုရားဉာဏ်တော်နဲ့ ဆင်ခြင်တော်မူတယ်၊ ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း-အဲဒီခြောက်ကျမ်းကို ဆင်ခြင်တော်မူစဉ်အခါတွင် မြတ်စွာဘုရား၏ စိတ်တော်မှာ ကြည်ကြည်လင်လင် အားပါးတရ မရှိလှဘူးတဲ့။

ပဋ္ဌာန်း ဒေသနာတော်ကြီးကို ဆင်ခြင်တော်မူလိုက်တဲ့အခါကျတော့မှ စိတ်ထဲမှာ ဉာဏ်တော်ကြီးကလည်း အင်မတန်ကြီးကျယ်၊ ပဋ္ဌာန်းတရားတော်ကြီးကလည်း ကြီးကျယ်တော့ ထိုအခါမှာ ဝမ်းမြောက်ရွှင်လန်းပြီး ပီတိသောမနဿတွေဖြစ်လို့၊ ရောင်ခြည်တော်တွေများ ကိုယ်တော်မြတ်မှ ကွန့်မြူးထွက်ပေါ်လာပါတယ်၊ အဆုံးအပိုင်းအခြားတောင် မရှိဘူးတဲ့ အနန္တပဘာ၊ ရောင်ခြည်တော်ဟုဟောတယ်။

ဤသည်ကား ပဋ္ဌာန်းတရားတန်ခိုး အာနုဘော်တော်ဟု ယုံကြည်သိမှတ်ကြပါလေ သူတော်ကောင်းတွေတို့။

ထို့ကြောင့် အန္တရာယ်ကင်းအောင် ဘုန်းတန်ခိုးအာနုဘော်ကြီးအောင် ပဋ္ဌာန်းတရားကိုရွတ်ကြပါ အကျယ်မရွတ်နိုင်သော်လည်း ပစ္စယုဒ္ဒေသကို ရွတ်ကြပါ၊ ပစ္စယုဒ္ဒေသဆိုတာက ဟေတုပစ္စယော အာရမ္မဏပစ္စယော စသော ၂၄-ပစ္စည်းပါ၊ ပစ္စယနိဒ္ဒေသဆိုတာက- အခုဟောနေတဲ့ ပစ္စယပွန်အကျယ်တွေပေါ့၊ အန္တရာယ်ကင်းခြင်း ဘုန်းတန်ခိုးကြီးခြင်းကတော့ လူအများကြိုက်တဲ့ အကျိုးကိုပြောတာပါ၊ ဤအကျိုးမျှလိုလို့တော့ မုချမဟုတ်ပါဘူး သွားရင်းဟန်လွှဲစကားပုံလိုပါပဲ။

www.dhammaransi.com



စင်စစ်ရည်သန် အားကိုးတာမှာ အဘိဓမ္မာတရားကို လေ့ကျက်၍ ဉာဏ်ဖြင့် မြင်ကြကဒိနေ့ကစပြီး နောက်နေ့ နောက်လ နောက်နှစ် နောက်ဘဝ အဆက်ဆက်တွေမှာ အဘိဓမ္မာဉာဏ်တွေ ကြီးပွါးပြီး အဘိဓမ္မာဉာဏ်ပေါက်လေလေ လူ နတ်ဗြဟ္မာ သတ္တဝါ အထင်မှား အသိမှားတွေ ပျောက်လေလေ နိဿတ္တ-နိဇ္ဇီဝ သဘောတရား၊ အနိစ္စ,ဒုက္ခ,အနတ္တဟု ဉာဏ်ဖြင့်မြင်ပြီး နိဗ္ဗာန်ဝင်စံကြဖို့က လိုရင်းပါပဲ။ ဒါကြောင့် ကြိုးစား နာကြ ပွါးကြရတာပဲ။

ပဋ္ဌာန်းတရား မနာကြရတော့ ပဋ္ဌာန်းအကြောင်းအကျိုး ဖြစ်ပျက်မျိုးတွေ မသိကြ၊ အဘိဓမ္မာအသိဉာဏ် ဝေးလေလေ အတ္တအစွဲသန်လေလေဖြစ်ပြီး ခန္ဓာ၅-ပါး ဒုက္ခတရားကြီး မစွန့်နိုင်ဘူး၊ ခင်တွယ်နေကြတာပဲ၊ အဘိဓမ္မာ ဉာဏ်အား သန်လေလေ ငါ သူတပါး ယောကျ်ား မိန်းမဆိုတဲ့ အထင်မှားတွေ အယူမှားတွေပျောက်ပြီး ခင်တွယ်မှုကင်းတာပဲ။

ဒါကြောင့် အကျိုးတရားက လူ နတ်ဗြဟ္မာ သတ္တဝါဆိုတာက ဝေါဟာရပညတ်ယောင် အဆောင်ပါလား၊ တကယ်အစစ် အမှန်ကတော့ ပဋ္ဌာန်းအဘိဓမ္မာ တရားတွေဟာ အစစ်အမှန် ပါလား ဟူ၍ ယထာဘူတဉာဏ် မြင်လာတာပဲ၊ ဒီအသိကို ရချင်လို့ ယခုတရားနာကြ ပွါးကြတာ ဧကန်ပါပဲ။

အဘိဓမ္မာတရား ဉာဏ်မရောက်လို့ အဘိဓမ္မာသဘော မြင်အောင် မကြည့်နိုင်လို့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့ ဤကဲ့သို့ အထင်မှားနေကြတာပဲ၊ တရားကိုသာ မြင်အောင် ဉာဏ်နှင့် ကြည့်နိုင်လို့ရှိလျှင် ဒီအထင်မှားတွေဟာ ပျောက်တာပါပဲ။

www.dhammaransi.com



ဒါကြောင့် အဘိဓမ္မာ ပဋ္ဌာန်းတရား နာကြားရခြင်းဟာ အတ္တပျောက်တဲ့ ပညာဉာဏ် ဧကန်ဟု မှတ်လိုက်ကြ၊ အတ္တပျောက်တဲ့ ပညာထဲမှာ ပဋ္ဌာန်းတရားသည် အကောင်းဆုံးပဲ၊ အတ္တအမှားကိုဖျောက်နိုင်တဲ့ ပညာသည်အမြတ်ဆုံးပဲ၊ ဒီပညာသည်နက်လဲ အနက်ဆုံးပဲ၊ ဘုရားပွင့်မှ ကြားခွင့်ကြုံလာ နာရကြားသိမြင်ရက အမှားတွေပယ်နိုင်တဲ့တရား။

ယခု အာရမ္မဏပစ္စည်းကို ဟေတုပစ္စည်းနဲ့ တွဲလျက် ဟောသွားမှာဖြစ်ပါတယ်၊ အာရမ္မဏက တပုဒ်၊ ပစ္စယက တပုဒ်၊ အာရမ္မဏက အာရုံ၊ ပစ္စယက ကျေးဇူးပြု၊ အာရမ္မဏပစ္စယော အာရုံဖြစ်၍ ကျေးဇူးပြုတတ်တဲ့တရားဟူ၍ မြန်မာလို သိထားကြပါ ဆိုကြ ရွတ်ကြပါ။

(အာရမ္မဏပစ္စည်း အာရုံဖြစ်၍ ကျေးဇူးပြုတတ်တဲ့တရား) ဒါလဲ ကောင်းကောင်း အဓိပ္ပါယ်မပေါ်သေးဘူး၊ မသိသေးဘူး၊ (အာရမ္မဏပစ္စည်း အာရုံဖြစ်၍ စိတ်ဖြစ်အောင် ကျေးဇူးပြုတတ်တဲ့တရား) လူတိုင်းမှာ အသိစိတ်တွေဖြစ်ဖြစ်နေတာက အာရမ္မဏ ပစ္စည်းခေါ်တဲ့ အာရုံရှိလို့ ဖြစ်ရတာပဲ၊ အာရုံနှင့်ကင်း၍ ဝါ-အာရုံမပါပဲနှင့် ဘယ်စိတ် ဘယ်အသိမှ မဖြစ်ဘူးဟု မြဲမြဲမှတ်ထား။

အာရုံမရှိလျှင် စိတ်မဖြစ်ဘူး၊ ဒါကြောင့် ဟောနေကျအတိုင်း ဟောမယ်ဆိုလျှင်တော့ အဆင်းအာရုံရှိ၍ မြင်သိဖြစ်ပါဋ္ဌိတော်ရွတ်ကြလျှင် ဆိုနေကျအတိုင်း ဆိုဖို့ပါပဲ၊

www.dhammaransi.com



ရူပါယတနံ **စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တ-
ကာနဉ္စဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော-**
လို့ ရွတ်ကြဖို့ပါပဲ။

အဆင်းအာရုံရှိ၍ မြင်သိစိတ်ဖြစ်၊
အသံအာရုံရှိ၍ ကြားသိစိတ်ဖြစ်၊
အနံ့အာရုံရှိ၍ နံသိစိတ်ဖြစ်၊
အရသာအာရုံရှိ၍ စားသိစိတ်ဖြစ်၊
အထိအတွေ့အာရုံရှိ၍ တွေ့သိစိတ်ဖြစ်၊
ဓမ္မာရုံရှိ၍ ကြံစီစိတ်ဖြစ်၊

ဟောနေကြ ဝိပဿနာအလုပ်ပေးတရားမှာတော့ ပစ္စယ-ပရိဂ္ဂဟဉာဏ်အရာ၌ ဟောနေကျပါ၊ အခုဟောသွားတာက ဝိညာဏဓာတ် (၇)ပါးနဲ့ ဟောသွားတာ။

(၁) စက္ခုဝိညာဏဓာတ်၊

(၂) သောတဝိညာဏဓာတ်၊

(၃) ဃာနဝိညာဏဓာတ်၊

(၄) ဇိဝှာဝိညာဏဓာတ်၊

(၅) ကာယဝိညာဏဓာတ်၊

(၆) မနောဓာတ်၊

(၇) မနောဝိညာဏဓာတ်၊

www.dhammaransi.com



**ဝိညာဏ်ကို ဓာတ်နဲ့ဟောလို့ရှိလျှင် ၇-ပါးလို့သိကြ၊ အခု အာရမ္မဏပစ္စည်း၌ (၇)ပါး ဟောသွားတယ်၊ မှီရာဝတ္ထုရုပ်နှင့် ဟောလို့ရှိလျှင် (၆)ပါးဟောတယ်။**

အခုဟောတဲ့ အာရမ္မဏ ပစ္စည်းမှာတော့ ဓာတ် (၇)ပါး ဝေဖန်ဟောတယ်၊ ဤခနရာမှာ အာရုံ (၆) ပါးနှင့် သတ္တဝိညာဏဓာတ်(၇)ပါး ဟောတော့သာ၍သေချာစွာသိအောင် အောက်ပါအတိုင်း တရားအားထုတ်သူများ အထူးမှတ်ရန်မှာ အဆင်းတစ် အာရုံကြောင့် မြင်သိ စက္ခုဝိညာဏဓာတ် ဖြစ်တယ်၊ အသံတစ်အာရုံကြောင့် ကြားသိသောဝိညာဏဓာတ်ဖြစ်တယ်၊ အနံ့တစ်အာရုံကြောင့်နံသိ ဃာနဝိညာဏဓာတ်ဖြစ်တယ်၊ အရသာတစ် အာရုံကြောင့် စားသိဇိဝှာဝိညာဏဓာတ်ဖြစ်တယ်၊အတွေ့အထိ တစ်အာရုံကြောင့်တွေ့သိ ထိသိ ကာယဝိညာဏဓာတ်ဖြစ်တယ်၊ ဆင်း၊ သံ၊ နံ့၊ ရ၊ ဖောဋ္ဌဗ္ဗအာရုံ ငါးပါးကြောင့် မနောဓာတ်ဖြစ်တယ်၊ ဓမ္မာရုံကြောင့် ကြံစည်စိတ်ကူး အထူးထူးအထွေထွေ မနောဝိညာဏဓာတ်ခေါ် သော အသိစိတ် အမျိုးမျိုးတွေ ဖြစ်တယ်၊ ဤသို့ ခွဲခြား သိသွားအောင် စာကြီးပေကြီး ပဋ္ဌာန်းတရားတော်ကြီး မရသော်လည်း၊ ဒီလောက် ကွဲကွဲပြားပြားသိလျှင် ငါဟု ထင်မှားသော အတ္တဒိဋ္ဌိ တရားဆိုးကြီး ပျောက်နိုင်ပါတယ်၊ ရုပ်တရားထက် နာမ်တရားက အသိခက် ဤသဘောကနက်နဲ သိမ်မွေ့၍ကွဲအောင် သေချာစွာပြတာကို မှတ်ကြ၊ ဤတရားက မြင်အောင်လိုရင်း အချက်မျှ သိချင်တာက ယနေ့တရားနာသူတွေမှာ စာတတ်ပုဂ္ဂိုလ်ကြီး အနေနှင့် ဘွဲ့ထူး ဂုဏ်ထူးကို လိုချင်တာ မဟုတ်ကြပါဘူး၊ လိုချင်တာက အထင်မှားတဲ့

www.dhammaransi.com



အတ္တဒိဋ္ဌိ ပျောက်ဖို့ပါပဲ၊ နာမည်ကျော်ချင်လို့ စာသင်တာ မဟုတ်ဘူး။ တရားနာတာ မဟုတ်ဘူး၊ တပည့်တော်တို့ အဘိဓမ္မာ ပါရဂူကြီးပဲ၊ အဘိဓမ္မာတတ်တဲ့ပုဂ္ဂိုလ်ကြီးပဲ လို့လဲ မလိုချင်ဘူး၊ ဘွဲ့ထူး ဂုဏ်ထူးတွေကလဲ လိုချင်လဲ လွယ်လွယ် ကူကူနဲ့ ရနိုင်တဲ့ ကိစ္စမဟုတ်ဘူး၊ နှစ်ပေါင်းများစွာ စာပေ ပရိယတ်တတ်တဲ့ ပုဂ္ဂိုလ်များထံမှ တကယ် သင်ကြားမှ စာ နည်းအရ တတ်ကြတာပါ။

ဒီ အတ္တ ဒိဋ္ဌိ ပျောက်အောင်လို့ အဘိဓမ္မာတရား နာကြ တရား အားထုတ်တဲ့ အလုပ်ကို လုပ်ကြရတာပါ။ နာတော့ သိရော သိတော့ဆင်ခြင် ဆင်ခြင်ဖန်များတော့ ဉာဏ်မြင် ပြီး အမှားပျောက်၊ ငါးပါ့မပျောက်၊ ငါးပေါက်က မမှား၊ အဲဒီလိုသိတော့ ဆင်ခြင်နိုင်တယ်၊ ဆင်ခြင်နိုင်တော့ ဪ ငါမဟုတ်တဲ့ ပဋ္ဌာန်း တရားတွေပါတကားဟု သိလာတော့ အမှားပျောက်တယ်'အမှားပျောက်တော့တာပဲ၊ အခုလောက် သိတဲ့ အကျိုးကိုသာ လိုချင်တာ အမှန်ပါပဲ၊ အာရမ္မဏပစ္စည်း တရား ဘယ်မှာရှိသည် မိမိအတွင်း သူတပါးအတွင်း ထိုထို တလောကလုံး အတွင်းမှာရှိသည်ဟု ကြားသိရကတဲကတရား သိဖို့မြင်ဖို့ အလှန်နီးစပ်လာတယ်၊လွယ်ကူ လာတယ်၊ တဝက် တော့သိရန် ကိစ္စပြီးနေပြီဟု ကျေးဇူးတော်ရှင် မိုးညှင်းဆရာ တော်ဘုရားကြီးက အားတက်အောင် ချီးမြှောက်ဟောလေ့ ဟောထရှိပါတယ်။

အခု ဟောနေတဲ့ တရားက မိမိအတွင်း ရှိနေတာတွေကို ပြောနေတာပေါ့၊ ကိုယ်မှာ အခုဖူး၊ နီး၊ ကြောင်၊ ကြား အဆင်းတွေ မြင်နေတာက အဲဒီစက္ခု ဝိညာဉ်စိတ်ပဲ နားက

www.dhammaransi.com



အမျိုးမျိုးသောအသံတွေ ကြားနေလို့ရှိလျှင် သောတဝိညာဉ်စိတ်ဟု သိရှု၊ အကောင်းအဆိုးအနံ့တွေ နံနေလို့ရှိလျှင် ဃာနဝိညာဉ်စိတ်၊ချို ချဉ် စပ် ဖန်၊ ခါးသိနေလျှင်ဇိဝှာဝိညာဉ်စိတ်၊ ပူတာသိတာက ကာယဝိညာဉ်စိတ်၊ အခုတန်ခူး နွေရာသီဆိုတော့ နေကအလွန်ပူတယ်၊ တကိုယ်လုံးပူတယ်၊ ထိုအပူ သိနေတာက ကာယဝိညာဉ်စိတ်၊အခုခန္ဓာကိုယ်ကြီး တခုလုံးကိုယ်သိဝိညာဉ် ပူသိစိတ်တွေထင်ရှားဖြစ်နေတာပဲ၊အဲဒါကာယဝိညာဉ်စိတ်အစဉ်တွေပေါ့၊ ထိုအသိစိတ်နှင့် ရုပ်အစု ကိုယ်ကာယကြီး ခွဲခြားသိအောင်ရှု၊ စည်ပေါ်တီးတော့ အသံပေါ်တယ်၊ကြားသိနေတာနှင့် အသံတခြားရှု၊ခြင်္သေ့ ပူလိုက်တာ အိုက်လိုက်တာ၊ ပူလိုက်တာ၊အိုက်လိုက်တာဆိုတာကာယဝိညာဉ်အသိနှင့် ခွဲရှုကြလေ၊ ကာယရုပ်အစုကြီးကို မှီဖြစ်တဲ့ ကာယဝိညာဉ် အသိ ၂-ပါး ကွဲအောင် ထိုင်ခုံပေါ် လူထိုင်ရာ ထိုင်ခုံတခြား လူတခြားလို ကွဲသွားအောင်ရှုပါ။

ငင်းကာယဝိညာဉ်ကာယဓာတ်နဲ့ ရုပ်အစုကိုယ် ပူသည်နဲ့ မကွဲတော့ ငါပူ၏၊ ငါ့လက်ပူသည်၊ ငါ့ခြေပူသည်၊ ငါ့ကိုယ်ပူသည်၊ ငါ့ခေါင်းပူသည်၊ အဲဒီလိုထင်နေလျှင် သက္ကာယဒိဋ္ဌိမလွတ်နိုင်ဘူးဟု ကြောက်ကြပါ၊ ကိုယ်ထဲဖြစ်တဲ့ဘေးရောဂါ အမှန်မမြင်၍ ကိုယ်ထဲကဖြစ်တဲ့အမှားက ကိုယ်ဆင်းရဲအောင် ပြုနေတာပဲ၊ ထိုကိုယ်ဆင်းရဲသရွေ့ ကိုယ်ထဲကဖြစ်တဲ့ အမှားကြောင့်ဟု မှတ်ကြ၊ ကိုယ်ဆင်းရဲဟာ ဒီပြင်အကြောင်း မပါဘူးလားဆိုလျှင် ပါပါတယ်၊ သို့သော် သူက ပဓာန မူလအရင်းခံပါ၊ ကိုယ်ဆင်းရဲအောင် ပြုနေတာပါ၊ ကိုယ်ထဲက အမှားပါ၊ ကိုယ်ထဲက အမှားထက် အဆိုးတရားမရှိဘူး၊ စကြူ

www.dhammaransi.com



ဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှာဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓာတ်စကားနှင့် ဟောတော့ ကိုယ်သန္တာန်ဓာတ် ၇-ပါးရှိတယ်။ ယခုဟောတဲ့ အာရမ္မဏပစ္စည်းမှာခါတ် (၇)မျိုးမှာ အာရုံ(၆)ပါးကို တွဲဟောတာဟုမှတ်။ ဝိပဿနာအလုပ်နှင့် ပြောနေကျအတိုင်း ပြောမယ်ဆိုလျှင်တော့ ဝိညာဉ်(၆)ပါးပေါ့။ အခု အာရမ္မဏပစ္စည်းနဲ့ ပြောမယ်ဆိုလျှင်တော့ ဓာတ်(၇)ပါး ဖြစ်လာတယ်၊ အာရမ္မဏပစ္စည်း ပဋ္ဌာန်းတရားကြီးနာရ၊ ကြားရတော့ မြတ်စွာဘုရားကိုအထူးကျေးဇူးတင်စရာကောင်းပါတယ်၊ ထိုတရားတွေကို ဘယ်သူမှ သိနိုင်တာမဟုတ်ဘူး၊ မြတ်စွာဘုရားနဲ့တွေ့ရမှ ဒီတရားတော်ကို နာကြားရမှ နည်းနည်းသိရတယ်၊ ဘယ်သူမှ ဒီတရားကိုသိတာမဟုတ်ဘူး၊ သမ္မာသမ္ဗုဒ္ဓဘုရားတပါးသာသိတယ်။

အဘိဓမ္မာတရားကို မြတ်စွာဘုရားတို့သာ သိနိုင်၏၊ လူလည်း မသိနိုင်ဘူး၊ နတ်လည်း မသိနိုင်ဘူး၊ ဗြဟ္မာလည်း မသိနိုင်ဘူး၊ အခု တပည့်တော် သိတာ ဘာလဲဆိုတော့ တပည့်တော်တို့ သိတာက ဟောလို့ပြောလို့၊ ကြားရနာရလို့ သိတာမဟုတ်ဘူးလား၊ အမှန်ဟုတ်တယ်။

မြတ်စွာဘုရားဟောပေလို့ နာကြားရပေလို့ သိကြတာပါ၊ ထို့ကြောင့် အာရမ္မဏပစ္စည်းပဋ္ဌာန်းတရားကြီး ဆိုတာဟာ (ဩဘ်)ငါရှဲခန္ဓာကိုယ်ထဲဖြစ်နေတဲ့ တရားပါတကား။ မဟောသဓာဇာတ်တော်မှာ ပတ္တမြားရှာတာ လွဲသလို သစ်ပင်ပေါ်ရှိတဲ့ပတ္တမြား မရှာတတ်တော့ ရေကန်ထဲရှာတယ်ထင်ပြီး ရေခပ်ပစ်ပြီး ရေကန်ထဲရှာတယ်၊ ရေကန်ထဲရှာမရဘူး။ မဟောသဓာ

www.dhammaransi.com



ကတော့ ပညာရှိမှ သိတော့ ဒီပတ္တမြားသည် ရေကန်ထဲ မရှိဘူး၊ ရေကန်အနီးအနားရှိတဲ့ သစ်ပင်မှာရှိတယ်ဆိုပြီး သစ်ပင်ပေါ် တက်ပြီးယူတော့ အလွယ်တကူနဲ့ရတယ် မဟုတ်ဘူးလား။ ဒီဥပမာကို ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီး ခဏခဏထည့်ဟောလေ့ရှိတယ်၊နီနီရဲရဲအရောင် ပတ္တမြားအရိပ်ကတော့ ရေကန်ထဲထင်နေသည်၊ ပညာမရှိ မသိကြတဲ့အမတ်တွေကတော့ နီနီရဲရဲနဲ့ ရေထဲမှုံလျှင် ရေကန်ထဲမှာပတ္တမြားရှိတယ်ဆိုပြီးလျှင် အဲဒီပတ္တမြားရအောင် ရေတွေခပ်ပစ်၊ ရွှံ့တွေဘူးပစ်မရဘူး၊ မဟောသဓာကတော့ ရှာတတ်တော့ ရေလဲ ခပ်စရာမလိုဘူး၊ ရွှံ့လဲ တူးစရာမလိုဘူး၊ သစ်ပင်ပေါ် တက်ယူ၊လွယ်ကူစွာ ပတ္တမြားအစစ်ရတာလို အဲဒီလိုပဲ ပဋ္ဌာန်းတရားလည်းမရှာတတ်လို့ရှိရင် ပဋ္ဌာန်းတရားမတွေ့နိုင်ဘူး၊ရှာတတ်လျှင် ပဋ္ဌာန်းတရားကြီး မြန်မြန်မြင်နိုင်သည်။ အခုမြင်နေကြပြီ၊ အာရမ္မဏပစ္စည်းတရားကြီး သိလာကြပြီ၊ အခု အဖြူအနီတွေ မြင်နေတာဟာ အာရမ္မဏပစ္စည်းပဋ္ဌာန်းတရားအမှန်ပါပဲ။ အသံတွေ ကြားနေတာလဲ အာရမ္မဏပစ္စည်း တရားပဲ၊ အနံ့တွေလဲ အကောင်းနံ့ အဆိုးနံ့တွေ ကောင်းတဲ့ အရသာမကောင်းတဲ့အရသာအာရုံတွေလဲ ပဋ္ဌာန်းပဲ။ ထိတွေ့နေတာဟာလဲပဋ္ဌာန်းတရားချည်းပဲ။ ဩော် လက်စသတ်တော့ ပဋ္ဌာန်းတရားဟာ ကိုယ်ထဲရှိဆိုတာဟုတ်ပြီ၊ ငါဆင်ခြင်တော့မယ်၊ ဒီတရားသိလို့ရှိယင် ငါမဟုတ်မှန်း သိတော့ ငါထင်အမှားပျောက်၍ အပါယ်လေးပါး မကျရောက်ပဲလွတ်တော့မယ်။

www.dhammaransi.com



အပါယ်လေးပါးကလွတ်လျှင် အခုသာသနာတော်နဲ့ တွေ့ရ ကျိုးနပ်ပြီ၊ မြတ်စွာဘုရားအမွေကိုရပြီ၊ အဲဒီအကျိုးကျေးဇူး များသိပြီး အားထုတ်ဖို့ပဲ။

အဲဒီထဲမှ ကောင်းတာမကောင်းတာများ ပါလာပြန်တယ်။ ကောင်းတာ မြင်ရတော့ကုသိုလ်၊ မကောင်းတာ မြင်ရတော့ အကုသိုလ်၊ အဲဒါလိုနဲ့သွားပြန်ရော၊ သို့သော် ကောင်းတာ မကောင်းတာကတော့ ကိုယ့်အသိပေါ်မှာ တည်တယ်၊ ကောင်းတဲ့အဆင်းမြင်ရတော့ ကုသိုလ်ဖြစ်၊ မကောင်းတဲ့ အဆင်းမြင်ရတော့ အကုသိုလ်ဖြစ်ဆိုပါတော့၊ ဘုရားအဆင်း ဖူးမြင်ရတော့ကုသိုလ်ဖြစ်၊ မကောင်းတဲ့ သတ္တဝါတွေမြင်ရတော့ အကုသိုလ်ဖြစ်၊ မြတ်စွာဘုရားအသံတော်ကြားရတော့ကုသိုလ် ဖြစ်၊ ဆဲသံဆူသံကြားရတော့အကုသိုလ်ဖြစ် အဲဒါလိုလဲ ခွဲခြား သေးတာပဲ။ အခုဟောတုပစ္စည်းကစပြီး ဟောခဲ့တဲ့ ဘုရား အလောင်း ကုသမင်းကြီးအကြောင်းကို ဟောလက်စရှိတော့ ဆုံးအောင် ဆက်ကြဦးစို့၊ ကုသမင်းလဲပဲ ရွှေရုပ်နဲ့တူတဲ့ ပပဝတီအဆင်းအကြောင်းပြုပြီး (ကုသိုလ်မဖြစ်ပဲ) အကုသိုလ် ဖြစ်ရှာတယ်၊ ဘုရားအလောင်းဆိုပေမယ်လို့ သမ္မာသမ္ဗုဒ္ဓ မဖြစ်သေးခင်မှာ ပုထုဇဉ်ဆိုတော့ ဆင်ခြင်နိုင်တဲ့အခါ ဆင် ခြင် မဆင် ခြင်နိုင်တဲ့ အခါ မဆင်ခြင်နိုင်ရှာဘူး၊

အဲဒါနဲ့ ဘုရားအလောင်းတော်ဟာ ပပဝတီကိုအကြောင်း ပြုပြီးဒီအဆင်း ဒီမိန်းကလေးအကြောင်းပြုပြီး မိန်းကလေးရဲ့ အဆင်းအာရုံကြောင့် သူ၏စိတ်မှာ သမုဟပညတ်အထည်ဒြပ် နှင့် ပြောမယ်ဆိုလျှင် ချောတဲ့လှတဲ့ မင်းသမီး ပပဝတီဆိုရ မှာပဲ၊ အာရမ္မဏပစ္စည်းနဲ့ပြောမယ်ဆိုလျှင် ရူပါရုံလို့သိရန်ပါပဲ

www.dhammaransi.com



ရွှေမျှားလို ဝါဝင်းပြီးနေတဲ့ အဆင်းပဲ၊ ပပဝတီရဲ့ ရှေး ဆုတောင်းပြည့်လို့ ယခုလို ကိုယ်ရေအဆင်း လှပတင့်တယ် ခြင်း ဖြစ်ရတယ်ဆိုတာ ရှေးနားက ဟောခဲ့ပြီးတဲ့အတိုင်း သိကြပေါ့။

အဲဒါလို ရွှေရောင်အဆင်းနှင့် နတ်တမျှကဲ့သို့ လှပချော မောတဲ့ ပပဝတီကို မြင်လိုက်ရပြီးကတဲက နေမထိထိုင်မထိ မချိအောင် စိတ်ဗျာပါပွေပြီး ပပဝတီက မုန်းမုန်းတီးတီး စွန့်ခွါပစ်ပယ်ပြီးသော်လဲ၊ မမုန်းနိုင် မခွဲနိုင်ရှာတဲ့ အလောင်း တော်ကုသမင်းသားမှာတော့ တိုင်းစွန့် ပြည်စွန့် မိဘဆွေမျိုး တွေစွန့်ပြီး ယူဇနာ (၁၀၀) ခရီး အလှမ်းဝေးကွာလှတဲ့ သာဂလမြို့ကြီးသို့ တကိုယ်တော်တည်း လိုက်သွားရှာတယ်။ မဒ္ဒရာဇ်တိုင်း၌ရှိ သာဂလမြို့မြေရောက်ပြော့ အလောင်း တော်မှာ တူတူတန်တန်တည်းခိုစရာအိမ်မရှိ၊ သူဆင်းရဲမတဦး အိမ်မှာပဲ တည်းလောက်တည်းခိုပြီး ပပဝတီကို တွေ့နိုင် မြင်နိုင် လောက်တဲ့ အလုပ်အကိုင်ရှာ၊ ဆင်ထိန်းအိမ်သွား၊ မြင်းထိန်း အိမ်သွား၊ ဖျာယက်နေတဲ့နေရာ အိုးလုပ်နေရာတွေသွား မိမိပညာစွမ်းအားဖြင့် မြင်ရနိုးနိုးနဲ့ ပစ္စည်းများ ဆက်သပေမဲ့ မမြင်ရ၊ တွေ့ခွင့်မကြုံ၊ နောက်ဆုံးတော့ ပွဲတော်ဆက်နေရာ သွား၊ စားတော်ဆက်ရလျှင် နီးစပ်လောက်ကဲ့ဆိုပြီး အကြံ ရှာသကိုး၊ ဘုရင်နဲ့သမီးတော်အတွက် စားဖိုသည်ကြီး ဝင် လုပ် ဘုရားအလောင်း တန်ခိုး အာနုဘော်တော်ကြောင့် ပွဲတော်တည်စရာ စားသောက်ဖွယ်ရာတွေအနံ့ရော အရသာပါ သူမတူအောင် ကောင်းပါတယ်တဲ့၊ အဲဒီလို ခါတိုင်းနဲ့မတူ တမူထူးတဲ့ ပွဲတော်စာကို ပပဝတီက စဉ်းစားတယ်၊ ဒါဟာ

www.dhammaransi.com



ကေန္တ မင်းကုသရဲ့ လက်ချာပဲဆိုတာသိသတဲ့၊ သိတော့ ခုဇ္ဇာဒီ အစာတွေ ငါမစားချင်ဘူး၊ ခုဇ္ဇာသာ စားချေပါ၊ ဒီလူကို ငါ မြင်လဲမမြင်ချင်ဘူး၊ သူချက်တဲ့အစာလဲ ငါမစားလိုဘူး၊ အဲဒီလို ရက်ရက်စက်စက် ပြောလိုက်တယ်တဲ့၊ ကုသမင်းက တော့ အားမလျှော့ သေးဘူးတဲ့။ ယောကျ်ားတို့ဇွဲ သေခါမှလျှော့ဆိုတဲ့ စကားအတိုင်း တခါသမင်းပဲ့တော်ကို ကိုယ်တိုင် ထမ်းပြီး ပို့ပြန်တယ်၊ မြင်ရနိုးနိုးပေါ့။ ဒီလိုပုံလို နေ့ရက်တွေ အချိန်တွေ ကြာညောင်းပါသော်လည်း မမြင်ရရှာ။ နေ့ရက်တွေ တွက်ချက်လိုက်ပြန်တော့ (၇)လကြီးများတောင် ကြာသွားပြီကိုး။

အဲဒီလို (၇)လကြာတော့ ဘာတွေဖြစ်နေသလဲ? ပဋ္ဌာန်း တရားနဲ့ ပြောမည်ဆိုလျှင်(ယံယံ ဓမ္မံ ဂရုံကတွာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ တေတေဓမ္မာ တေသံတေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော)ဟုဟောသော အာရမ္မဏ ပစ္စည်း ပစ္စယုပ္ပန်အကြောင်းအကျိုး တရားတွေဖြစ်နေတယ် ဆိုရမည်ပေါ့၊အဲဒါလို ဉာဏ်ကုန်လွှတ်ပြီး သိကြဖို့ပဲ၊ဟုတ်မှန်တဲ့ တရားတွေဉာဏ်သိအောင် ဟောပြနေတာပါပဲ။

ယံယံ ဓမ္မံ ဂရုံကတွာဆိုတာ ဘာလဲဆိုလျှင် လောကီဘက် မှာ အလွန်နှစ်သက်ဖွယ်ကောင်းတဲ့အဆင်းအသံစသည် အာရုံ ကာမဂုဏ်တွေကို ဆိုတာပဲ၊ လောကုတ္တရာဘက် ကုသိုလ်ဘက် က ဆိုရင်လဲ သမထအာရုံ၊ ဝိပဿနာအာရုံ၊ နိဗ္ဗာန်အာရုံဆိုတဲ့ အကောင်းဆုံးအမြတ်ဆုံး အာရုံတွေကို ဆိုတာပါပဲ။

www.dhammaransi.com



တိုတိုပြောမည်ဆိုလျှင် ကိုယ်ကြိုက်တဲ့အာရုံ အလေးအမြတ်ပြုတဲ့အာရုံ အထူးနှစ်သက်တဲ့အာရုံကို ယံယံ ဓမ္မံ ဂရုံကတွာဟု ဟောတာပါပဲ။

အခုဇာတ်တော်နဲ့ပြောမယ်ဆိုလျှင် ကုသမင်းရဲ့စိတ်ထဲမှာ ပပဝတီရဲ့အဆင်း အာရုံဟာ "ယံယံ ဓမ္မံ ဂရုံကတွာ" ပဲအလေးအမြတ်ပြုတယ်၊ အလွန်နှစ်သက်တယ်။ အဲဒါကြောင့် တိုင်းပြည်စွန့် ဆွေမျိုးစွန့်ပြီး သူတပါးတိုင်းပြည်မှာ ကျွန်အခစား လုပ်ရရှာတာပေါ့။

(ဘဝစက်တွင်း၊ တသက်တွင်းမှာ မင်းလဲတခါ၊ ကျွန်တခါဖြစ်) အမျိုးမျိုးဖြစ်ရပါလားဟု ငြီးတွားစရာပဲ၊ ငြီ တွားရှာပေမှာပေါ့ ဆိုခဲ့တဲ့အရ ကျွန်သပေါက် အဖြစ်ရောက်ရောက်ကျိုးစားသော်လည်း အလိုမပြည့်ရှာတော့ ခုဇ္ဇာကုံ အားကိုးရှာရပြန်တယ်၊ အကူအညီတောင်းပြန်တယ်၊ တောင်းပုံက ခုဇ္ဇာငါ့ရဲ့ဟောဒီမြလက်စွပ်ကို သင်ယူထားပါ၊ ပပဝတီနဲ့တွေ့ရအောင် ကြံဆောင်ပေးပါ၊ နောင်တချိန်မှာ ပပဝတီနဲ့အကြောင်းဆက်လို့ ပေါင်းဖက်ရတဲ့အခါ တိုင်းတော်ပြည်တော်ပြန်ရောက်ရင် ခုဇ္ဇာကိုလဲဆုတော်လာဘ်တော် ချီးမြှင့်ပါ့မယ်လို့ကတိပေးထားပါမယ်ဟု ပြောဆိုအသနားခံ အကူညီတောင်းတော့ ခုဇ္ဇာကလဲ တွေ့ကြုံရဆုံရအောင် ဉာဏ်ရှိသမျှ ကူညီရှာပါတယ်၊ ဒါပေမဲ့ ပပဝတီက စိတ်ဆိုးမာန်ဆိုးနဲ့ ဒီလူကို ငါမကြည့်ချင်ဘူး၊ မမြင်ချင်ဘူး၊ သူချက်တဲ့ပွဲတော်စာလဲ မစားချင်ဘူး၊ ခုဇ္ဇာ မြန်မြန်သွားစမ်း၊ ငါ့ဆီလာလာပြီး ဒီလူ့အကြောင်း မပြောစမ်းနဲ့ဟု အလွှမာန်ကြီးတဲ့မင်းသမီး ပပ

ဝတီက သို့ကလို ငြင်းပယ်လိုက်သော်လည်း ခုဇ္ဇာက အကျိုး
အကြောင်း ပြောကာပြောကာ နားချရှာပါတယ်၊ အရှင်မ
ပပဝတီ အရှင်မလဲမင်းသမီး ဟိုကလဲမင်းသား ဒီလောက်
အဆင်းမာန်ဝင့်ကြွားပြီးအတင်းအဓမ္မနှိမ့်ချမပြောသင့်ပါဘူး၊
အဆင်းဆိုတာဟာလဲ အစဉ်မလှနိုင်ပဲ တဒင်္ဂမျှသာ လှနိုင်
တာပါ၊ ရေပွက်ပမာ တသက်လျှာမျှ တွေ့ကြရဆုံကြရတဲ့
အခိုက်မှာ ဒီလောက်တောင် တဦးနဲ့တဦးပေါ် မရိုင်းစိုင်းသင့်
ပါဘူး အရှင်မရယ်၊ မာလျှင်နပြီး ကြွားလျှင်ကျဆုံးတဲ့ စကား
လို မာန်မာနကြီးတဲ့သူဟာ ပျက်စီးတတ်ပါတယ်လို့ ပြောပြ
ပြန်သော်လည်း ပို၍ ပို၍စိတ်ဆိုးလာတော့ နင်လျှာရှည်တယ်၊
နင့်လျှာပြတ်ပင်မှဖြစ်မယ်၊ ဒီလိုပြန်ပြီး ကြိမ်းမောင်းပြန်တယ်
ခုဇ္ဇာကလဲအလျှော့မပေးပဲ တင်းတင်းပြောပြန်တယ်၊ ပပဝတီ
ဒီလောက်မာန်မာနမကြီးပါနဲ့၊ ဒီအကြောင်းတွေကို ဘုရင်ကြီး
မသိအောင် ငါထိန်းအုပ်ထားတာ ကြာလှပါပြီ၊ ဒီအတိုင်း
ဆိုရင်တော့ သင်ရဲ့ခမည်းတော် မင်းကြီးထံ အကြောင်းစုံ
ငါသံတော်ဦး တင်လိုက်တော့မယ်၊

သူ့ ခမည်းတော်သာ ဒီအကြောင်းတွေ ကြားသိတော်မူ
သော်လျှင် ငါ့အသက်တော့ သတ်ပစ်တော်မူပါလိမ့်မယ်ဟု
ပြောရာ ပပဝတီက မလုပ်ပါနဲ့ သံတော်ဦးမတင်ပါနဲ့ အဲဒီလိုသူ့
အသက်အန္တရာယ် ကျရောက်မှာကြတော့လည်း ကြောက်
ကြောက်လန့်ပြီး တားမြစ်ပြန်တယ်၊ ခုဇ္ဇာကလဲ အမျိုးမျိုး
ပြောင်းလဲပြီး ပြောပြရှာပါတယ်–အရှင်မပပဝတီရယ် ကုသ
မင်းကြီးမှာတိုင်းဝေးပြည်ဝေးက လာရှာတာ(၇)လကြီးများ
တောင် ကြာလှရှာပါပြီ၊ တခါဘရံတော့ အတွေ့ခံစကားပြော

www.dhammaransi.com



ရောပေါ့၊ ဒါလဲမရဖူး၊ခုဇ္ဇာ နှင် လျှာရှည်တယ်၊ နှင့်လျှာကို ဓား နှင့်ဖြတ်ပစ်မယ်လို့ ကြိမ်းမောင်းပြန်တာပဲ၊ တော်တော်မာန ကြီးတဲ့မင်းဘွီးပါပဲ၊

အလောင်းတော် ကုသမင်းခမျာမှာလဲ (၇) လကြာတော့ စိတ်မောတော်ကျ၊ စိတ်အားတော် ငယ်လှပြီး ဩော် ငါ(၇) လကြာပြီး တခါမှလဲမမြင်ရသေးတော့ ဘင်ကမအေးပဲ ကိုယ် ရောစ်တံပါဆင်းရဲလှချည့်တကား–ဟု ငြီးတွားရှာသတဲ့၊ စိတ် ထဲကလဲ ဒီလောက်တောင် ငါ့ကိုမကြိုက်လှတဲ့သူကို ငါကကြိုက် နေလို့ လိုချင်မက်မောနေလို့ မဖြစ်တော့ဖူးလို့ အကြံဖြစ်တယ် တဲ့၊အဲဒီအခါကျတော့ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာတင်းလာ၊ ဘယ်အခြင်းအရာပါလဲ ဆင်းကြည့်လိုက်တော့ ဘုရား အလောင်းတော် စိတ်ရောကိုယ်ပါဆင်းရဲရှာတဲ့ ဒီအခြင်းအရာ မြင်တော့ ဘုရားအလောင်းတော်ဘက်က ကူညီတယ်၊ မဒ္ဒရာဇ် မင်းကြီးမှာ ပပဝတီနှင့်တကွ သမီးတော်(၈) ယောက်ရှိတယ်။ ပပဝတီကို အကြောင်းပြုပြီး (၇) ပြည်ထောင်မင်း များထံ အယောင်ဆောင် စေတမန်တွေက "အရှင်မင်းကြီးတို့ မဒ္ဒရာဇ် ဘုရင်က အရှင်မင်းကြီးတို့ထံ တမန်တော်လွှတ်၍ သတင်း စကား ကြားသိစေလိုက်ပါတယ်။

သမီးတော် ပပဝတီကို ကုသမင်းထံက ပြန်သိမ်းပြီးပါပြီ၊ အရှင်မင်းကြီးတို့အလိုရှိလျှင် မိဖုရားအရာ သိမ်းယူနိုင်ကြောင်း ပါဘုရား" လို့ သံတော်ဦး တင်လျှောက်ထားကြသတဲ့။ (၇) ပြည်ထောင် မင်းများကလဲ သတင်းစကားလျှင်ရခြင်း ရေ တော်တုံး ရေတွင်းထဲကျဆိုသလို ရှေးဦးတုန်းကထဲကလိုချင်နေ ကြတဲ့ မင်းတွေဆိုတော့ တွေရာလေးပါး မစဉ်းစားမဆင်ခြင်

www.dhammaransi.com



ကြတော့ပဲ စစ်အင်္ဂါလေးပါနဲ့ ချီတက် ရောက်လာကြပါရော၊ သာဂလမြို့အနီး (၇) ပြည်ထောင်မင်းတွေ ဆုံမိကြတော့ တယောက်နဲ့တယောက် ဘယ်လိုလဲမင်းကြီး ဘယ်လိုလဲ မင်းကြီး မေးမြန်းစုံစမ်းကြတော့ "ငါ့ထံ မဒ္ဒရာဇ်မင်းက တမန်တော်လွှတ်တယ်" သမီးတော်ပပဝတီကို ကြင်ယာတော် မိဖုရားမြှောက်လိုက ကောက်ယူတော် မူနိုင်ကြောင်း တမန် တော်ရောက်လာပါတယ်။

အရှင်မင်းကြီး ဟိုမင်းမေးလဲ ဒီပပဝတီအတွက် မိဖုရား မြှောက်ရေး၊ ဒီမင်းမေးလဲ ထိုနည်းလည်းကောင်း ဖြစ်နေကြ ပါရော(၇) ပြည်ထောင်မင်းတွေ သိကြားမင်းရဲ့ လှည့်ကွက် အတွင်း တည့်တည့်မတ်မတ်ကြီး နင်းဝင် ရောက်ကုန် တော့ တာပေါ့။ အားလုံး ဒုက္ခတွေ ရောက်ကုန်ကြတော့တာပေါ့။ ဒုက္ခရောက်တော့ ဟိုမင်းကလဲစိတ်ဆိုး၊ ဒီမင်းကလဲ စိတ်ဆိုး ပြီး မဒ္ဒရာဇ်မင်းကြီးကို ရန်မူကြတော့တာပေါ့၊ ကောန်မလဲ့ ငါတို့ကို အချက်တကွဲ အကျိုးနည်းဖြစ်အောင် မဒ္ဒရာဇ်မင်း အနုနည်းနဲ့ စီရင်တာပဲပေါ့၊ ဒို့မခံနိုင်ဖူး။ ဟိုကလဲ စစ်တိုက် ယူမယ်၊ ဒီကလဲစစ်တိုက်ယူမယ် အဲသလို ရာဇသံပေးကုန်ကြပါ ရော၊ အဲဒီတော့ မဒ္ဒရာဇ်မင်းကြီးခမျာမှာ ဘာမသိ ညာမသိ အတိဒုက္ခ ကြောက်စရာအဖြစ်ကို ရင်ဆိုင်ရတော့မယ်ဆိုတော့ မိဖုရားကြီး အရေးတကြီး တိုင်ပင်ရန်ခေါ်တယ်၊ ခေါ်ပြီး တော့ "ကိစ္စတသီးအရေးကြီး၍ မပြီးနိုင်က မိန်းမတို့သာ တိုင်ပင်ရာ၏" ဆိုတဲ့စကားအတိုင်း ဒီလိုဒီလို ဖြစ်ကုန်ကြပြီ ဆိုတဲ့အကြောင်း တိုင်ပင်ရှာသပေါ့။

www.dhammaransi.com



သင့်သမီးတော် ပဘဝတီကို (၇) ပြည်ထောင်မင်းတွေကို အပ်ရတော့မည်၊ လိုချင်ကြလို့ စစ်တိုက်ဖို့ ရောက်ကုန်ကြပြီ။ ဒီတော့ သမီးတော်ကို (၇) ပိုင်း ပိုင်းပြီး ပေးခါမှ ဝေငှ လောက်မယ်။ အဲဒါဘယ့်နှယ်လုပ်ကြမလဲ၊ သမီးပဘဝတီဆီ သွားပြီးပြောချေဆိုတော့ မိဖုရားကြီးမှာ မျက်ရည်ယိုထွက် တစက်စက်နဲ့ သမီးတော် ပဘဝတီ ငါ့သမီးရဲ့အဆင်းမာန်ဂုဏ် မောက်လို့ တိုင်းတော်ပြည်တော်ကြီး ပျက်စီးခြင်းသို့ အကုန် ရောက်ကြရတော့မယ်၊ပညာဘုန်းကံအင်မတန်ကြီးမာတဲ့ မင်း-ကုသမင်းကို စွန့်ပစ်ထားခဲ့တဲ့အတွက်ကြောင့် ( ၇ ) ပြည် ထောင်မင်းတွေ သမီးတော်ကို လိုချင်ကြလို့ စစ်အင်္ဂါလေး ပါးနှင့် ချီတက်ဆိုက်ရောက်ကုန်ပြီတဲ့၊

သမီးရဲ့ ခမည်းတော်က သမီးကို ( ၇ )ပိုင်း ပိုင်းပြီး ဝေငှပေးမယ်လို့တဲ့၊ မယ်တော်တို့ သမီးတော်တို့ ဘယ် လိုဘယ်ပုံ ကြံဆောင်ကြပါ့မလဲ၊ ဒီအသက်ဘေးမှ လွတ် အေးကြရအောင် သမီး ဘယ်လိုလုပ်မလဲ၊ ကြောက် ကြောက် လန့်လန့် ပြောပြောဆိုဆိုနဲ့ မင်းကြီးထံသွားကြ၊ ခမည်းတော်မင်းကြီးခမျာမှာလဲ (၇) ပြည်ထောင်မင်းတွေက ဝိုင်းစိုင်းလည် ရာဇသံပေးကြတော့ အလွန်ကြောက်လန့် ပူပန် မှုတွေဖြစ်၊ ငြီးငြူ သမီးရဲ့ အလှမာန်ဂုဏ်မောက်လို့ သမီး မိုက်လို့ အခုလိုဖြစ်ရတာ၊အင်မတန်ဘုန်းတန်ခိုးကြီးတဲ့ ပုဂ္ဂိုလ် ကို ပြစ်ပယ်ပြီး ဒီတိုင်းပြည်ပြန်လာတာ မဟာအမှားတော်ပဲ၊ အဲဒီ ပုဂ္ဂိုလ်သာ ယခုနေများ ဒို့တိုင်းမြို့မှာ ရှိနေမယ်ဆိုလျှင်

www.dhammaransi.com



ဒီလိုဒုက္ခမျိုးတွေ ရောက်နိုင်စရာ အကြောင်းမရှိပါဘူး၊ ယခု အတိုင်းသာဆိုလျှင်တော့ သမီးတော်ရော တိုင်းပြည်ပါ ပျက်စီးဆုံးရှုံးကြရတော့မယ်၊ ကုသမင်းသာ ခုလိုအရေးကြီးတဲ့ အချိန်မှာရှိလျှင်ဖြင့် ဒို့တတွေ ဒီဘေးဒီအန္တရာယ် ရန်အသွယ်သွယ်က လွတ်နိုင်ဖွယ်ရှိကြသေးရဲ့ သမီးရဲ့လို့ ငိုးငြူပြောဆိုရှာတော့ သမီးတော်ကလဲ ခမည်းတော်ဘုရား၊ ကုသမင်းကြီး ယခု အနီးအနားရှိပါကြောင်းပါဘုရားဟု ဖြစ်ကြောင်းကုန်စင် အကြောင်းစုံလင်ကို မနေသာတော့ သေအချာ လျှောက်ထား ရတော့တာပေါ့။

အဲဒီကျမှ ကုသမင်းကြီးမှာ ပွဲတော်တည် စားတော်ကဲ အလုပ်လုပ်ပြီး ဒုက္ခကြီးကျယ်စွာ ခံစားလျက် ရှိနေပါကြောင်း ဤတိုင်းတော်ပြည်တော် ရောက်နေကြောင်းကို မဒ္ဒရာဇ် မင်းကြီး သိရတော့ သမီးတော်ကို စိတ်ဆိုးပြီး အတော်မိုက်တဲ့ သမီးပဲ၊ ကိုယ့်လင်ကို ကျွန်အဖြစ် ခိုင်းရက်ပေတယ်ကိုး၊ ဆိုပြော ကြိမ်းမောင်း ခမည်းတော်ရော၊ မယ်တော်ပါ ပပဝတီကို အပါခေါ်ပြီး ကုသမင်းထံသွားရောက်ကာ သမီးမိုက်လို့ မှားနဲ့မိတဲ့ အပြစ်အားလုံးတွေ ကျေနပ်သည်းခံပါမည့် အကြောင်း ရှိခိုးတောင်းပန်ကြပါတယ်။

ယခုအချိန်မှာ ဘေးရန်တွေဝိုင်းရံလို့ အန္တရာယ်တွေ ကျရောက်နေတာကို ကယ်တော်မူဖို့ ဖြစ်ကြောင်းကုန်စင် သံတော်ဦးတင်ပါရော။ ထိုအခါမှာ ကုသမင်းကြီးက သူမိုက်သလို ငါကမိုက်နေလို့ရှိလျှင် တိုင်းပြည်ပျက်ရချေတော့မည်၊ ဒီပပဝတီရဲ့ အလှမာန်မာနကိုလဲ ဒီနေရာတွင် ချိုးလိုက်လျှင်ကျိုးရှုံး သို့သော်လဲ ဘုရားအလောင်းတော်တို့ စိတ်မည်သည်မှာ

www.dhammaransi.com



သူတပါးဆင်းရဲမည့်အလုပ်ကို မလုပ်လိုပေ၊ မဖြစ်စေလိုပေ။ ဒါကြောင့် ကိုယ်ချမ်းသာ စိတ်ချမ်းသာ နေတော်မူကြပါ၊ ကျွန်ုပ် ဒီအန္တရာယ်မှ ကယ်တင်ပါမည်။ အသင်မင်းကြီး ဆင်တော်တစီးသာ ပေးတော်မူပါ၊ သံတော်ဦးတင်တော့ ခမည်းတော်မဒ္ဒရာဇ်မင်းကြီးကလဲ မိမိစီးတဲ့ဆင်တော်ကြီး ပေး ဆက်လိုက်တယ်၊ ကုသမင်းကြီးက သိကြားမင်းဆက်တဲ့ (ဝိရောစန) ပတ္တမြားရတနာနှင့် မင်းကြီးရဲ့ မင်္ဂလာဆင်တော် စီးပြီး (၇) ပြည်ထောင်မင်းအပေါင်းတို့ရှိတပ်ထဲသို့ ငင်သွား တော့တာပါပဲ။

အဲဒီ (၇) ပြည်ထောင်မင်းတို့ရဲ့ စစ်အင်္ဂါလေးပါး ဆင် ယင်ထားတဲ့ တပ်ထဲသို့ ရဲရဲတင်းတင်း ဆင်စီးပြီးဝင်တော်မူ ပြီး အောက်ပါစကားကို ယူဇနာတသောင်း ကြားရအောင် ရဲရဲရင့်ရင့် ကြိမ်းဝါးလိုက်တော့တာပါပဲ —

"အဟံ ကုသရာဇာ ဇီဝိတတ္တိကာ ဥဠရေန နိပ္ပဇ္ဇန္တု" လူပေါင်းစုလျက် အတုကြီးစွာ များဗိုလ်ပါတို့ ငါတမှုကား သိကြားဆုနှင်း ကုသမင်းတည်း မယှဉ်းမပျက် အသက်ရှည် ထွေ မသေပျောက်လို ကိုယ်စိတ်ချမ်းသာ ဖြစ်ချင်ပါလျှင် မကြာစေလင့် ရင်ဖြင့်ဝပ်လေ ရှိသေဂါရဝ တုပ်ကွဆွေညိမ် ရှိဦးနိမ်ဟု သုံးကြိမ်အစေ့ ရွှေခြသေ့သို့ နှုတ်ဖြင့်ကြော်ညံ ကျွန်းလုံးလျှံအောင် အသံပြည့်လစ် ကြွေးကြော်ဟစ်သည် တောင် မြစ်ရေ ဖြေဖောက်လွင်းတည်း။

တရားနာသူအပေါင်းတို့အထက်ပါ စာသွားမှာလွန်ခဲ့သော သက္ကရာဇ် ၁၀၀၉-ခုနှစ် ရတနာပူရ အင်းဝရွှေမြို့တော်ကြီး

www.dhammaransi.com



စေတုတ္တနန်းတည် သူရမင်းခေါင်လက်ထက်တွင် မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီးရေးသားသော ကုသပျို့မှ ဖော်ထုတ်ပြသလိုက်ခြင်းဟု ဗဟုသုတရှိကြစေ။

အဲဒီလို ကြုံးဝါးကြွေးကြော် အသံကြားတော့ (၇) ပြည်ထောင်မင်းအပေါင်းတို့မှာ ကြက်သီးမွေးညှင်းတဖျင်းဖျင်းထပြီး ကြောက်လန့်ထိတ်ရှံ့ကာ “မဟာကုသမင်းကြီးလာပြီ လာပြီ”ဟု ပြောဆိုလျက် တပ်တွေပျက်ပြီး ပြန်လှည့်ပြေးကုန်ကြပါရောတဲ့။

အဲဒီအခါမှာ ကုသမင်းကြီးက (၇) ပြည်ထောင်မင်းတွေအသက်အရှင်ရအောင်ဖမ်းတော့ဒါပဲတဲ့။

ဖမ်းပြီး နန်းတော်သို့ ခေါ်သွား၊ မဒ္ဒရာဇ်မင်းကြီးအား ကြိုက်သလို စီရင်ဖို့၊ သတ်လိုက သတ်၊ အရှင်ထားပါဆိုတဲ့ အကြောင်း သံတော်ဦးတင်ရာ၊ မဒ္ဒရာဇ်မင်းကြီးကလဲ ကျွန်ုပ်နဲ့ မဆိုင်ပါ၊ အသင်ကုသမင်း၏ သဘောအတိုင်းပါအလိုရှိသလို စီရင်ချက်ချတော်မူပါလို့ ပြန်လည်ပြောဆိုရာ ကုသမင်းကြီးက နန်းထဲမှာ တရားဟောပြီး “မင်းအပေါင်းတို့ကို အသက်ချမ်းသာပေးပြီး ကိုယ့်တိုင်းကိုယ့်ပြည် ပြန်ကြဖို့ အမိန့်ပေး၊ ပပဝတီမှ ကျန်တဲ့ သမီးတော် (၇) ယောက်ကို မင်းတပါးတယောက်ကျစီ လက်ထပ်အပ်နှင်းပြီး မင်းကျင့်တရား (၁၀) ပါးနှင့်အညီ အုပ်ချုပ်ကြဖို့ သတိပေးဟောပြောပြီး ပြန်မိန့်ပေးလိုက်တော့၏။

www.dhammaransi.com



အဲဒီအခါကျမှ ကုသမင်းကြီးနဲ့ပပဝတီတို့ အေးအေးချမ်းချမ်း ရှင်လန်းဝမ်းမြောက်စွာနဲ့ ဂဟေတော်စပ် ရွှေလက်ထပ်ပွဲကြီး ဆင်ယင်ပြီး ကုသဝတီ ကိုယ့်တိုင်းကိုယ့်ပြည်ကြီးသို့ ပြန်လည်ကြွမြန်းတော့ပါပဲ။

ဒီနေရာမှာ ဇာတ်တော်ပေါင်းကြမယ်ဆိုလျှင် သိကြားမင်းက အရှင်အနုရုဒ္ဓါရဲ့အလောင်းညီတော်ဇယမ္ပတိက အရှင်အရှင်အာနန္ဒာရဲ့အလောင်း၊ ပပဝတီကတော့ ယသော်ဓရာရဲ့အလောင်း ကုသမင်းကြီးကတော့ ဘုရားအလောင်းတော်လို့ အသီးသီး ဝေါဟာရပညတ် သမုတိသစ္စာနယ်က သိထားကြပါလို့ သတိပေးပါတယ်။

ဇာတ်တော်ပေါင်းပြီးနောက် မြတ်စွာဘုရားသခင် သစ္စာလေးပါး ဆက်လက် ဟောကြားပြသတော်မူပါတယ်။

ဟောပြပုံအကျဉ်းကတော့—

ဆင်းရဲတဲ့တရား အစစ်အမှန်၊

ဆင်းရဲဖြစ်ကြောင်းတရားအမှန်၊

ဆင်းရဲငြိမ်းရာ တရားအမှန်၊

ဆင်းရဲငြိမ်းရာသို့ ရောက်ကြောင်းလမ်းအမှန်၊

ဆိုတဲ့သစ္စာလေးပါးပါပဲ။

ဤတရားပွဲအဆုံးမှာ တရားနာရဟန်းတွေ သောတာပန်ဖြစ်ကုန်ကြပါတယ်။

www.dhammaransi.com



ယခုသုတ္တန်တရားတော်အရ ကုသမင်းကြီး ပပဝတီ သိကြားမင်း ညီတော်ဇယမ္ပတိဆိုတဲ့ ပညတ်တရားတွေကား ပညတ်နယ်မှာ အဟုတ်ရှိ အမှန်တကယ်ရှိပါပဲ မရှိဘူးဟု မထင်ပါနှင့်၊သို့သော် အရိယာသစ္စာနယ်ပယ်က အမှန်လေးပါး အရ ပြောပြမယ်ဆိုလျှင် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဒုက္ခ သစ္စာတရားတွေ ဖြစ်သွားတာပါပဲ။

ယံယံ ဓမ္မံ ဂရုံကတွာ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေ- တသိကာဓမ္မာ တေတေဓမ္မာ တေသံတေသံ ဓမ္မာနံ အာရမ္မဏာ- ပစ္စယေနပစ္စယော—ဆိုတဲ့ပါဠိထဲမှာ—

ဒီဇာတ်တော်အနေဖြင့် လောဘဟေတု က သမုဒယသစ္စာ လောဘဟိတ်တရား။

ယံယံ ဓမ္မံ ဂရုံကတွာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ – ကဒုက္ခသစ္စာ တရားဟုသိ။

ယံယံ ဓမ္မံ ဂရုံကတွာအရ လောဘတဏှာ သမုဒယသစ္စာကို အကြောင်းပြုပြီး၊ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ အရရော ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်တဲ့ ကိုယ်နှုတ် နှုတ်နဲ့ ပြော မနေ့ာနဲ့ကြံခြင်း အမှု အစုစုများ ဒုက္ခသစ္စာတရားဖြစ် ပေါ်လာတော့တာပါပဲ။

(ကြော်) ပဋ္ဌာန်းအာရမ္မဏပစ္စည်းဆိုတာလည်း အရင်းစစ် လိုက်တော့ ဒုက္ခသစ္စာ သမုဒယသစ္စာတွေပါလား၊ သူတို့ကို သိလို့ သူတို့မကောင်းမှုန်းသိလို့ စွန့်လိုက်သျှင် သူတို့မဖြစ်တော့ တာက နိဗ္ဗာန် နိရောဓသစ္စာပါလား၊ သူတို့ကို အမှန်အတိုင်း

www.dhammaransi.com



သိအောင် တရားရှုနေတာက–မဂ္ဂသစ္စာပါလား သိအောင်ပြုတဲ့ ဉာဏ်စေသည်က မဂ္ဂသစ္စာပါတကားဟု အမှန်လေးပါးသစ္စာတရားသိလာတယ်။

အဲဒီလို မမြဲတဲ့ရုပ်နာမ်က ဒုက္ခသစ္စာ၊ မမြဲတာကို မမြဲမှန်း မသိ၍ ငါ ငင်သူထင်—ယောကျ်ားထင် မိန်းမထင် လူထင် နတ်ထင် ခင်မင်တွယ်တာက သမုဒယသစ္စာ၊ ဖြစ်ပျက်နာမ်ရုပ် ဒုက္ခသစ္စာကို ဒုက္ခမှန်းသိပြီး မခင်တွယ်ပဲ စွန့်ပစ်တာက နိရောဓသစ္စာ၊ မခင်တွယ်အောင် ဒုက္ခကို မြင်အောင် ဝိပဿနာတရားနှင့်ရှုကြည့်အားထုတ်၍ မဂ္ဂင်ရှစ်ပါး အကုန်ဖြစ်တာက မဂ္ဂသစ္စာတွေလို့ သိအောင်ဟောတော်မူပါတယ်၊ ၎င်းသစ္စာလေးပါးမြတ်တရားကိုသိဖို့ရာ အရေးကတော့ ဘဝခန္ဓာရှုတိုင်းအတွက် အရေးကြီးတကာ့ အရေးကြီးဆုံးပဲဆိုတာနားလည်သဘောပေါက်ထားကြပါလို့ အထူး သတိပေး တိုက်တွန်းလိုက်ပါတယ်။

ဒီနှစ် ဇာတ်တော်နဲ့တွဲပြီး ပဋ္ဌာန်းတရား ဟောခြင်းကတော့ အစကဟောခဲ့ပြီးဖြစ်တဲ့ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးနှင့် ကျေးဇူးရှင်မိုးညှင်းဆရာတော်ကြီး ၂-ပါးတို့၏–ကျေးဇူးကိုသတိရပြီး ဆရာတော်ဘုရားကြီးများ တရားဟောနည်းအမွေကိုလည်း ရချင်လို့ ဟောပြောလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ဒီ ဟေတုပစ္စည်း အာရမ္မဏပစ္စည်း ပဋ္ဌာန်းနည်းတရားတော်တွေကို ဝိပဿနာအလုပ်နဲ့ ထုတ်ပြလိုက်တော့ သစ္စာလေးပါးတရား ရောက်သွားတာပါပဲ။

www.dhammaransi.com



အဲဒီသစ္စာလေးပါး တရားထင်မြင်အောင် ဆင်ခြင်စရာ ဆောင်ပုဒ်တွေ ကျက်မှတ်ထားကြရန် ကြောက်လန့်ရှုံ့မုန်းပြီး အဆုံးသတ်စွန့်ပစ် အဖြစ်ငြိမ်းနိဗ္ဗာန်ရောက်ရန်—

(၁) အဆင်းကိုပဲ၊ ထပ်တလဲ၊ မြင်လည်းမြင်လှပြီ။
(၂) ငါဟုထင်ကာ၊ ခင်တွယ်တာ၊ သံသရာရှည်လှပြီ။
(၃) ထိုအမြင်ပင်၊ ငါဟုထင်၊ ခင်မင်နှစ်သက်သည်။
(၄) သံသရာရှည်သမျှ၊ အနန္တ ၊ ဒုက္ခတလည်လည်။
(၅) ဒုက္ခငြိမ်းရန်၊ ရုပ်နဲ့နာမ်၊ မြင်ရန်ရှုရမည်။
(၆) ရုပ်နာမ်စဉ်မှာ၊ ဉာဏ်မြင်လာ၊ ငါအထင်ကွာ လေပြီ။
(၇) ဒိဋ္ဌိတဏှာ၊ ကိလေသာပျောက်၊ ချမ်းသာရောက်၊ ဒုက္ခပျောက်လေပြီ။

အသံကိုပဲ၊ ထပ်တလဲ၊ ကြားလည်းကြားလှပြီ။
အနံ့ကိုပဲ၊ ထပ်တလဲ၊ နမ်းလည်းနမ်းလှပြီ။
အရသာကိုပဲ၊ ထပ်တလဲ၊ စားလည်းစားလှပြီ။
အတွေ့ကိုပဲ၊ ထပ်တလဲ၊ တွေ့လဲတွေ့လှပြီ။

ကြွင်းလက်ကျန်များ သဘောတူရှုမြှုပ်လိုက်၏။ ဖော်ဆိုလေ သိလေ။

www.dhammaransi.com



ယခု–တရားတော်နာရ တရားအားထုတ် ကြိုးစားကြရတာဟာ အခုပြောခဲ့တဲ့ ဒိဋ္ဌိတဏှာ ကိလေသာတွေ အကုန်ပျောက် ဒုက္ခအေးရာ ချမ်းသာရာအကျိုးကိုရဖို့ ရောက်ဖို့ အမှန်ပါပဲ။

ဒိဋ္ဌိတဏှာပျောက်ဖို့ဆိုတာက ဝိပဿနာဉာဏ် အမြင်မှန် ရကြမှ ပျောက်တာပါ။ ဒိဋ္ဌိတဏှာပျောက်မှလဲ ချမ်းသာ အစစ်အမှန်ကိုရတာရောက်တာမုချပါပဲ။

အဲဒါကြောင့် "တဏှက္ခယော ကမ္မက္ခယော, ဒုက္ခက္ခယော" ဟု ဘုရားဟောသည့် ပါဠိတော်မြတ်ကို ကျက်မှတ်ထားကြ။

ဒီနေရာမှာ တရားနာပရိသတ်တွေက မေးကြလိမ့်မည်။ တပည့်တော်တို့ ချမ်းသာအစစ်အမှန် ရချင် ရောက်ချင် လိုချင် လှကြပါတယ်ဘုရား။ ဒိဋ္ဌိတဏှာပျောက်အောင် ဝိပဿနာဉာဏ် အမြင်မှန်ရောက်ဖို့ ဘယ်လိုလုပ်ရပါ့မည်လဲ၊ ဒီလိုမေးလာလျှင် (စာမတတ်ကကြုပ်ကြုပ်အံ့) (မသိလျှင်-သိသူမေး) (စိတ်စင်ကြယ်အောင် တရားအားထုတ်ရှုဆေး) ဆိုတဲ့ ရှေးသူတော်ကောင်းကြီးတို့၏ ဆုံးမစကားတော်အတိုင်းပဲ၊ စိတ်စင်ကြယ်အောင် တရားအားထုတ်ပါ။ စိတ်စင်ကြယ်လာလျှင် မိမိခန္ဓာအထည်ကိုယ်ကြီးမှာ မီးလျှံအသွင်သွင် ရေယာဉ်အလား ဒွါရခြောက်ပါးမှ မပြတ်အစဉ်တသွင်သွင် အမြဲပင် ဖြစ်ပျက်နေတဲ့ ရုပ်အစဉ် နာမ်အစဉ်တွေမြင်အောင် ကြည့်ပါ၊ ရှုပါ အားထုတ်ပါ၊ မိမိစိတ်ထဲမှာ မရှင်းလင်းတဲ့ တရားသဘောကို ဆရာသမား နားလည်သူများထံ မေးမြန်းပါ၊ စစ်ဆေးခံပါ၊ ဒီအခါမှာ အစဉ်ထာဝရမတည်တဲ့ သင်္ခါရ

www.dhammaransi.com



တရား ရုပ်နာမ်ဖြစ်ပျက်တွေ ကြည်လင်ပြတ်သားစွာ မြင်လာ ထင်လာ ဉာဏ်ပွင့်လင်းသိရှိပြီး ဖြစ်လာမည်။ ဒိဋ္ဌိတဏှာတွေ မကပ်မတည်နိုင်တော့ပဲ ဓိစန္ဒာကြီးဟာ အမြစ်ပြတ်တဲ့ သစ်ပင် ကြီးလို နောက်ထပ်ဆက်စပ် ဖြစ်ပေါ်စရာ ဘဝခန္ဓာမျှ မရှိမရှိ တော့ပဲ အေးငြိမ်းချမ်းသာသွားတော့တာပါပဲ။ ဤကားအာ ရမ္မဏပစ္စည်း ပဋ္ဌာန်းတရားတော်ကြီး နိဂုံးချုပ် အဆုံးသတ် ပါပဲ။

ကျန်ရှိနေတဲ့ အချိန်အနည်းငယ်အတွင်းမှာ မဟာသကြ်န် ၃-ရက်အတွင်း တရားဟောရ တရားနာရတဲ့ ကုသိုလ်တွေရော နိဗ္ဗာန်မြန်မြန်ရောက်လို၍ ပြုသမျှ ကုသိုလ်တွေကို ပေးဝေရန် အားလုံးရကြပါစေဟု ရေစက်ချပါ။

"ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု" အရှင်ဘုရား တပည့်တော်တို့လည်း ပဋ္ဌာန်း သံသရာမပြဲသော အစဉ်လဲ့မှား ကျင်လည်မျောပါး၊ ဒုက္ခတွေ ပွား၍ အသွန်ပင်ဆင်းရဲကြပါ သည်ဘုရား။ ထိုဆင်းရဲဒုက္ခ အစဉ်ထဲက လျင်မြန်စွာ လွတ် မြောက်၍ ချမ်းသာအစစ်အမှန် နိဗ္ဗာန်ကို ရောက်ပါရခြင်း အကျိုးငှာ ယခုနှစ် မဟာသကြ်န်အခါတွင်း၌ ငါမဟုတ် ငါ၏ ဥစ္စာမဟုတ် အသက်ဇီဝမဟုတ်သော၊ ဒုက္ခသစ္စာ သမုဒယ သစ္စာ အစစ်အမှန် ပဋ္ဌာန်းအကြောင်း အကျိုး ပစ္စည်း ပစ္စယုပ္ပန်၌ တရားကို အရှင်ဘုရားတို့ ဟောသည့်အတိုင်း ရိုသေစွာ နာကြားကြပါကုန်၏ အရှင်ဘုရား။ ဉာဏ် အမြင် ပေါက်အောင် ဆင်ခြင်ကြပါကုန်၏ အရှင်ဘုရား၊ ဤသို့ ဆင်ခြင်ရသော ကုသိုလ် စေတနာဘို့ကြောင့် တပည့်

www.dhammaransi.com



တော်တို့ကို အမြဲနှိပ်စက်နေသော ဒိဋ္ဌိတဏှာ ကိလေသာတွေ ဒုက္ခတွေပျောက်၍ ချမ်းသာအစစ်အမှန်သို့ ရောက်ရပါလို၏ အရှင်ဘုရား။ ဤသကြန်အခါတွင်း၌ ပြုပြုသမျှ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှု အစုစု၏ အဖို့ဘာဂတို့ကို နားလည်အောင် သင်ကြားပေးခဲ့သော ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများအား အမျှပေးဝေပါ၏။ အထူး အားဖြင့် ပဋ္ဌာန်းတရားတော်မြတ်ကြီး မကွယ်မပျောက် အောင် ရည်သန်တောင့်တ မြတ်သောသမ္မာဆန္ဒဖြင့် သကြန် တွင်းမှာ အများပေါင်းစု၍ ပဋ္ဌာန်းဝိပဿနာတရား စာအုပ် ရေ (၂၀၀၀)ကို သဒ္ဓါကြည်ဖြူနှင့် လှူဒါန်းဝေငှ ဓမ္မဒါန ပူဇော်ကြပါ၏အရှင်ဘုရား၊ ဤ ဓမ္မဒါနကုသလတို့ကို ဒေဝါ- သေဋ္ဌနှင်း သိကြားမင်းကြီးနှင့်တကွ နတ်ဗြဟ္မာ အပေါင်း တို့အား အမျှပေးဝေပါ၏။

"နိဗ္ဗာန်တရား၊ ကြိုးကြိုးစားစား၊ ရှာတုံငြားက၊ မည်သူ အားမျှ၊ မရမရှိကောင်းဘူးတည်း" ဟူသော ပညာရှိများ၏ ဟောကြားဆုံးမတော်မူသော တရားအရ အခါကောင်း ကြုံကြိုက် ခွင့်သာခိုက်မှာ တပည့်တော်တို့သည် နိဗ္ဗာန်တရား ကြီးကို ရအောင်ရောက်အောင် အားထုတ်ကြပါမည်ဘုရား။ ယတော စ ခေါ အရိယသစ္စာနိ သမ္မာ ပညာယ ပဿတိ သော သတ္တက္ခတ္တုပရမံ သန္ဓာဝိတွာ ပုဂ္ဂလော ဒုက္ခသန္တကရော- ဟောတိ၊ သဗ္ဗသံယောဇနက္ခယော ဟူသော နိဒါနဝဂ္ဂအနု- မတဂ္ဂသံယုတ် ပါဠိတော်လာရှိသည်အရ လည်းကောင်း၊ နတေ ဘဝံ အဋ္ဌမ မာဒိယန္တိ-ပါဠိအရလည်းကောင်း၊ "မြတ်စွာ ဘုရား ဟောဖော်ကြားသည့် လေးပါးသစ္စာ၊ မြတ်ဓမ္မာကို၊

www.dhammaransi.com



ကြာနာသံမြင်၊ သူတော်စင်ကား၊ လေးအင်ပါယ်လမ်း၊ ညစ်ညမ်းဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ပယ်စွန့်ခွါ၍၊ သောတာပတ္တိ၊ မဂ်အာဒိကို၊ ရရှိပြီးခါ၊ လူ့ရွာနတ်ဌာန်၊ စုန်ဆန်တုံ့ခေါက်၊ (၇)ဘဝလောက်သာ၊ ကျင်လည်ကာဖြင့်၊ ဘယာခပ်သိမ်း၊ ငြိမ်းအေးတည်း”လက်ာပါအတိုင်း သောတာပန်ဖြစ်ပြီးလျှင် အပါယ်လေးဝ ဘယ်အခါမှ မကျတော့ပဲ လူ့ပြည်နတ်ပြည် အလီလီသောအထက်တန်းချမ်းသာသုခ ခံစားစံစားရပြီး ခန္ဓာငါးပါး ဝဋ်ဆင်းရဲတရားကြီးကို ကြောက်လန့်ရှုံ့မုန်း အဆုံးသတ် စွန့်ပစ် နောက်တဖန် ဘယ်တော့မှမဖြစ်တော့ပဲ ငြိမ်းအေးသော သန္တိသုခ အမြဲမှုချ ရလေတော့၏ဟု စိတ်နှလုံးရှင်လန်း ချမ်းသာအစစ်ကြီးကို မြော်မှန်းတမ်းတ လိုချင်လှသော သမ္မာဆန္ဒဖြင့် ယခုဘဝတွင် ရအောင် ရောက်အောင် ကျင့်ဆောင်နိုင်ကြပါစေသော်။

ဤသကြိန်အခါတွင် ပုပ္ပုသမျှ ကုသိုလ်ကောင်းမှု အဝဝ တို့ကို **အနန္တသတ္တဝါ** ဝေနေယျာတို့အား အမျှ အမျှ အမျှ ပေးဝေပါကုန်၏။

ဤကောင်းမှု အစုစု အဝဝ အဖို့ဘာဂကို အဘူတကွ အမျှရကြ၍ အစစအရာရာ ချမ်းသာကြပါစေသော်။

ဤကောင်းမှုအဖို့တို့ကို အမျှ–အမျှ–အမျှ ယူတော်မူကြပါကုန်လော။

သာဓု–သာဓု–သာဓု။

www.dhammaransi.com

# အမှားပြင်ဆင်ချက်

| မှား | မှန် | ကြောင်းရေ |
|---|---|---|
| ကုသလဇာတ် | ကုသဇာတ် | ၃ |
| နှာဖျားကင်းယူ | နှာဖျားကင်းထူ | ၁၆ |
| ဂရုံကတွာ | အာရဗ္ဘ | ၁၂ |
| ॥ | ॥ | ၁၇ |
| ॥ | ॥ | ၂-၅ |
| ॥ | ॥ | ၇ |
| ॥ | ॥ | ၁၂ |
| ॥ | ॥ | ၁၄ |
| ဥပဇ္ဇန္တိ | ဥပ္ပဇ္ဇန္တိ | ၁၂-၁၅ |
| တဏှာက္ခယော | တဏှာက္ခယာ-ကမ္မက္ခယော | ၈ |

www.dhammaransi.com

ပ-ဖ-သ-စ—၉၉၁—၂၂·၁၀-၇၂ ၂၀၀၇(၂)။

www.dhammaransi.com

# ဓမ္မဒါန

သံဝရပျို့တွင် ရှင်မဟာရဋ္ဌသာရ ဆိုတော် မူသော ဆောင်ပုဒ်များနှင့်မဃဒေဝ—

(က) အမတံ ဒဒေါ ဟောတိ၊ ယော ဓမ္မံ အနုသာသတိ၊ (သံယုတ်)

ဆောင်ပုဒ်။ ။တရားဟောသူ နိဗ္ဗာန်လှူ အလှူများမင်း၊ အခေါင်ချင်း။

(ခ) သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ (ဓမ္မပဒ)

ဆောင်ပုဒ်။ ။ခပ်သိမ်းဒါန အနန္တကို တရားအလှူ အောင်သူဟူ၏။

(ဂ) သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ၊

ဆောင်ပုဒ်။ ။ခပ်သိမ်းရသ အနန္တမှာ ဓမ္မရသာအမြတ် ဆုံးပါတည်း။

(ဃ) သဗ္ဗရတိံ ဓမ္မရတိံ ဇိနာတိ၊

ဆောင်ပုဒ်။ ။ခပ်သိမ်းပျော်မွေ့ ဟူသရွေ့တွင် တရားမွေ့လျော် အမြတ်ဆုံးခေါ်၏။ တရားမွေ့သူ မြတ်သောဟူ၏။

ရန်ကုန်မြို့၊ ဘောင်ဒရီလမ်း၊ ဒေါ်မမလေးနှင့် သားသမီးတစု နိဗ္ဗာန်ရလို၍ပြု။

၁၃၄၄-ခု၊ သီတင်းကျွတ်လပြည့်နေ့

(အုပ်ရေ ၂၀၀၀)